ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့၊ (26-8-2008) (၅၇၈၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိတ္ထီလာခရိုင် ဒေသဖွံ့ဖြိုးမှုအခြေအနေနှင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)လမ်းပိုင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း မိတ္ထီလာမြို့သို့ ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် တာဝန်ရှိသူများနှင့်အတူ မိတ္ထီလာတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး ဆိုင်ရာများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကာ စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်အုန်းမြင့်က မိတ္ထီလာနှင့် ရမည်းသင်းခရိုင်တို့မှာ မြန်မာနိုင်ငံ၏ အချက်အချာနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ဒေသဖြစ်၍ ဌာနဆိုင်ရာများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးစားဆောင်ရွက်ရေး၊ ဒေသတွင်းစိုက်ဧကတိုးမြှင့်ရေးနှင့် အထွက်နှုန်း တိုးတက်ရေးတို့အတွက် နိုင်ငံတော်က အဘက်ဘက်မှ ကူညီပံ့ပိုးပေးလျက်ရှိရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက စီမံကိန်းရည်မှန်းချက်များပြည့်မီအောင် တက်ညီလက်ညီဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ မိတ္ထီလာ လွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် ပညာရေး၊ ကျန်းမာရေးဆိုင်ရာများကို နိုင်ငံတော်မှ စီမံချက်ဖြင့်ဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် လက်တွဲကြိုးပမ်း ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳

ကြည့်ရှု စစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မိတ္ထီလာမြို့နယ်ရှိ မုန်တိုင်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အင်တာနက် ကျန်းမာရေးသတင်း

ယခင်က ကုသ၍မရနိုင်သည့် ဆေးယဉ်သည့် တီဘီရောဂါကို ယခုအခါ ကုသနိုင်ပြီဖြစ်ကြောင်း ပြောကြား

ဝါရှင်တန် ဩဂုတ် ၂၅

တီဘီရောဂါကို ကောင်းမွန်ပြည့်ဝထိရောက်စွာ ကုသခြင်းမရှိပါက ကုသ၍မရနိုင်လောက်အောင် ဆိုးရွားသည့် ဆေးယဉ်နေသော XDR တီဘီရောဂါကို ဖြစ်ပွားစေနိုင်သည်ဟု ဆိုသည်။ ယခုအခါ ယင်း XDR တီဘီရောဂါကို ကုသနိုင်သည့် အလားအလာ တွေ့ရပြီဖြစ်ကြောင်း ဆရာဝန်များက ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

ဆိုက်ဘေးရီးယား အကျဉ်းထောင်မှ XDR တီဘီရောဂါဖြစ်နေသော အကျဉ်းသားများကို စမ်းသပ်ကုသကြည့်ရာ ထက်ဝက်နီးပါးမှာ ဝေဒနာ ပျောက်ကင်းသက်သာသွားကြသည်ဟု သုတေသီများက ပြောကြားသည်။

ယခင်အခါက ပြုလုပ်သော ကနဦးလေ့လာချက်များအရ XDR တီဘီရောဂါမှာ ဆေးဝါးကုသ၍ မရဟုသိရှိနားလည်ထားကြသည်။ သို့ရာတွင် ယင်းရောဂါကို ဆေးဝါးများဖြင့် ထိရောက်ပြင်းထန်စွာ ကုသပါက ရောဂါပျောက်ကင်းနိုင်သည်ကို တွေ့ရသည်ဟု **စာမျက်နှာ ၄ ကော်လံ ၁ သို့ ❀**

ဂျီဘရော်လ်တာရေလက်ကြားကို အသွားအပြန် ဖြတ်ကူးနိုင်သည့် ကမ္ဘာ့ ပထမဦးဆုံးလူသား ဒေးဗစ်ဆက်ချ်

ပရာ့ဂ် ဩဂုတ် ၂၅

ချက်သမ္မတနိုင်ငံမှ တာဝေးရေကူးသမား ဒေးဗစ်ဆက်ချ် (David Cech) **(ယာပုံ)**သည် ဂျီဘရော်လ်တာ ရေလက်ကြားကို အသွားအပြန် ဖြတ်ကူးနိုင်သည့် ကမ္ဘာ့ပထမဦးဆုံးလူသားဖြစ်ကြောင်း ချက်သတင်းအေဂျင်စီ (CTK)က ဩဂုတ် ၁၉ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

ဆက်ချ်သည် ပါရိစီမှ မော်ရိုကိုသို့ ပထမခရီးကို အောင်မြင်စွာ ဖြတ်ကူးနိုင်ခဲ့ရာ ၂ နာရီနှင့် ၃၈ မိနစ်ဖြင့် မှတ်တမ်းဝင်ခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြထားသည်။

မော်ရိုကိုမှ ပါရိစီသို့ အပြန်ခရီးတွင်မူ ရာသီဥတုဆိုးရွားခြင်းကြောင့် ခက်ခဲစွာကူးခဲ့ရပြီး အသွားအပြန် ခရီးစဉ်တစ်ခုလုံးအတွက် ရေကူးချိန် စုစုပေါင်း ၈ နာရီနှင့် ၄၈ မိနစ် ကြာမြင့်ခဲ့သည်။ အသက် (၂၂)နှစ်အရွယ်ရှိ ဆက်ချ်သည် အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ကူးခဲ့သူ ၁၆ ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ***ဆင်ဟွာ။***

ကြေးမုံ The Mirror
၂၆-၈-၂၀၀၈
(အင်္ဂါနေ့)

ဈေးကွက်ဝင် ပဲအမျိုးမျိုး တိုးချဲ့စိုက်ပျိုး

ပဲမျိုးစုံသည် ပရိုတိန်းအာဟာရဓာတ် ကြွယ်ဝသည့်အတွက် အခြေခံစားကုန် ဆန်၊ ဂျုံတို့နှင့်အတူ ဝယ်လိုအား တိုးတက်ကောင်းမွန်နေသည့် သီးနှံမျိုးဖြစ်သည်။ လူတိုင်းပဲကို နေ့စဉ်စားသုံးခြင်းဖြင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့် ခန္ဓာကိုယ်ကြီးထွားမှုအတွက် အာဟာရဓာတ် အပြည့်အဝ ရရှိနိုင်သည်။

မြန်မာနိုင်ငံတွင် ပဲကို အညာဒေသတွင် အထူးစားသုံးကြသော်လည်း ငါးနှင့်ရေထွက်ပစ္စည်းပေါများသော ဒေသများတွင်မူ ပဲစားသုံးမှုနည်းပါးကြောင်းတွေ့ရသည်။ အာဟာရတိုးပွားရရှိနိုင်သည့် ပဲကို စားသောက်ဖွယ်ရာ အမျိုးမျိုး စီစဉ်ရောင်းချခြင်း၊ အသင့်စားသုံးကုန်အဖြစ် ထုတ်လုပ်ရောင်းချခြင်းတို့ဖြင့် ပြည်တွင်းစားသုံးမှုဈေးကွက်ပိုမိုတွင်ကျယ်လာရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ ပဲဈေးကွက်ရှိသည့် မတ်ပဲကို ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် စိုက်ပျိုးကြသည်။ ကုလားပဲကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် အဓိက စိုက်ပျိုးလျက်ရှိသည်။

ယခုအခါ ပဲပုပ်သည်လည်း ပြည်ပသို့တင်ပို့ရမှုကောင်းမွန်သဖြင့် တိုးတက်စိုက်ပျိုးနေကြသည်။ မန္တလေးတိုင်းတွင် ပဲပုပ်ကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပြီး မတ္တရာ၊ မြင်းခြံ၊ ငါန်းဇွန်မြို့နယ်တို့တွင် အများဆုံး စိုက်ပျိုးသည်ကို တွေ့ရှိရသည်။ ပဲပုပ်ကို မြေပြန့်ဒေသများနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများတွင်ပါ ဖြစ်ထွန်းသဖြင့် တိုးချဲ့စိုက်ပျိုးနေကြပြီဖြစ်သည်။

မြန်မာ့ပဲမျိုးစုံသည် ဈေးကွက်ရှိသဖြင့် တိုးမြှင့်တင်ပို့နိုင်ရုံသာမက ဈေးကောင်းရရှိရေးအတွက်လည်း အားထုတ် ကြိုးပမ်းကြရမည်ဖြစ်သည်။ ဈေးကွက်တွင် ဝယ်လိုအားရှိသည့် ပို့ကုန်အရည်အသွေးမြင့် ပဲမျိုးများ တိုးချဲ့စိုက်ပျိုးခြင်း၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးသုံးစွဲရမှုနည်းသည့် ပဲမျိုးများ စိုက်ပျိုးခြင်းတို့ကို စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ ပြည်တွင်း၊ ပြည်ပ ပဲဈေးကွက်တွင် မြန်မာ့ပဲမျိုးစုံသည် ရောင်းတန်းဝင်မျက်နှာပန်းလှ နာမည်ရရှိပြီးဖြစ်ရာ တောင်သူလယ်သမားများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် အရည်အသွေးကောင်းအထွက်တိုးပဲမျိုးများ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုး အကျိုးရှိမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အောင်ပွဲရ ရန်ကုန်တိုင်းအားကစားအသင်းများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

၂၀၀၈ ခုနှစ် ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲများတွင် အောင်ပွဲရ ရန်ကုန်တိုင်း အားကစားအသင်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် စုပေါင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ထံ ၂၀၀၈ ခုနှစ် အောင်ပွဲရ အမျိုးသား အားကစားအသင်းများဖြစ်သည့် ၁၃ နှစ်ဆက်တိုက် ဒိုင်းဆုရရှိသော ကရာတေးဒိုအသင်း၊ ၁၀ နှစ်ဆက်တိုက် ဒိုင်းဆုရရှိသော တိုက်ကွမ်ဒိုအသင်း၊ ခုနစ်နှစ်ဆက်တိုက် ဒိုင်းဆုရရှိသော စားပွဲတင်တင်းနစ်အသင်း၊ သုံးနှစ်ဆက်တိုက် ဒိုင်းဆုရရှိသော တင်းနစ်အသင်း၊ သေနတ်ပစ်အသင်းနှင့် အသက် ၁၈ နှစ်အောက် ဘော်လီဘောအသင်းများက တံခွန်စိုက်ဒိုင်းဆုများ အပ်နှံ၍ တိုင်းမှူးက ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ ဦးဆောင်နာယက ဒေါ်ကြင်မြိုင်ထံ ၂၀၀၈ ခုနှစ် အောင်ပွဲရ အမျိုးသမီးအားကစားအသင်းများဖြစ်သော ခုနစ်နှစ်ဆက်တိုက် ဒိုင်းဆုရ စားပွဲတင်တင်းနစ်အသင်း၊ လေးနှစ် ဆက်တိုက်ဒိုင်းဆုရ အမျိုးသမီးဘော်လီဘောအသင်း၊ သုံးနှစ်ဆက်တိုက် ဒိုင်းဆုရရှိသော တင်းနစ်အသင်း၊ နှစ်နှစ်ဆက်တိုက် ဒိုင်းဆုရရှိသော ကရာတေးဒိုအသင်းနှင့် သေနတ်ပစ်အသင်းများက တံခွန်စိုက်ဒိုင်းများ အသီးသီးအပ်နှံကြ၍ ဒေါ်ကြင်မြိုင်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဂုဏ်ပြုအမှာစကားပြောကြား၍ အောင်ပွဲရ အားကစားသမားများအားဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၈ ခုနှစ် ပြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများ၌ ရန်ကုန်တိုင်းအားကစားအသင်းများ အနေဖြင့် ၂၀၀၈ခုနှစ် ဇန်နဝါရီမှ ဩဂုတ်လအတွင်း တံခွန်စိုက်ဒိုင်း ၁၁ခု ရရှိပြီးဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ထံ ၁၀နှစ်ဆက်တိုက် ဒိုင်းဆုရရှိသော တိုက်ကွမ်ဒိုအသင်း တံခွန်စိုက်ဒိုင်းဆုအပ်နှံစဉ်။ (သတင်းစဉ်)

ယာဉ်အန္တရာယ်ကင်းဝေးစေရေး အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သိန်း (အရှေ့ပိုင်းခရိုင်ရုံး)၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး ဒုတိယရဲမှူးမြင့်အောင်၊ ဒုတိယရဲမှူး ဝင်းမြိုင်၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်နီနီကျော်၊ ဒေါ်ခင်နှင်းအေး၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)မှ ဌာနမှူး ဦးစိုးသွင်တို့နှင့်အတူဩဂုတ် ၂၃ရက်မွန်းလွဲ၁နာရီမှညနေ၃နာရီခွဲအထိ မြောက်ဥက္ကလာပ မြို့နယ် အောင်မင်္ဂလာအဝေးပြေးဝင်းရှိစည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ အဝေးပြေးယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက် ၅၅ ဦးတို့အား ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊လမ်းစည်းကမ်း၊ယာဉ်စည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပ မြို့နယ် အောင်မင်္ဂလာအဝေးပြေးဝင်းရှိ စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး၌ အဝေးပြေးယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောစဉ်။ (ကြေးမုံ)

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်) ပထမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

ကျန်းမာရေးဝန်ကြီးဌာန၊ဆေးသိပ္ပံပညာ ဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်) မိသားစု ပထမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၂၂ရက် နံနက်၉နာရီက အဆိုပါကျောင်းခန်းမဆောင်၌ကျင်းပရာခေတ္တပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာနိုင်ဝင်းက သွေးလှူဒါန်းရခြင်းအကြောင်းကိုရှင်းလင်းပြောကြားပြီး သွေးရောဂါအထူးကုဆရာဝန်ကြီးဒေါက်တာအေးအေးကြီးက အကျိုးအမြတ် မမျှော်ကိုးသော စေတနာသွေးလှူရှင်များ အရေးပါပုံနှင့် ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် သွေးလှူရှင်များကိုယ်စား စတုတ္ထနှစ် ကျောင်းသူမချိုဇင်ဝင်းက သွေးလှူဒါန်းမှုအတွေ့အကြုံနှင့် ဝမ်းမြောက်စကား ပြောကြားသည်။

ဆက်လက်၍ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုဝင်များ (၇၆)ကြိမ်သွေးလှူရှင် တစ်ဦးအပါအဝင်စုစုပေါင်းသွေးလှူရှင် ၃၀တို့၏ သွေးလှူဒါန်းမှုကို ခေတ္တပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာနိုင်ဝင်းနှင့်တာဝန်ရှိသူများကလိုက်လံကြည့်ရှုအားပေးကြပြီး **(အပေါ်ပုံ)** အမျိုးသား သွေးဌာနမှ ဒေါက်တာနွယ်နွယ်ဦးနှင့်အဖွဲ့ကလက်ခံရယူခဲ့ကြကြောင်းသတင်းရရှိသည်။ (ကြေးမုံ)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဘွားသာဖြူ၏ (၁၀၂)နှစ်မွေးနေ့ကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် စောင့်ရှောက်ထားသည့် အသက်အကြီးဆုံးဖြစ်သော ဘွားအေးမေ(၁၀၇)နှစ်အား အမှူးထား၍ ဒုတိယအသက်အကြီးဆုံးဖြစ်သော ဘွားသာဖြူ(ခေါ်)ဒေါ်သုမမ္မစာရီ၏ (၁၀၂)နှစ်သက်ရောက်မွေးနေ့မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၃ ရက်နံနက် ၉ နာရီက နှင်းဆီကုန်းဘိုးဘွားရိပ်သာဝင်းအတွင်းရှိ သုံးထပ်ဘိုးဘွားဆေးရုံပထမထပ် ဘုရားခန်းမဆောင်၌ ကျင်းပရာ အမှုဆောင်အဖွဲ့ဝင်များ၊ ဘိုးဘွားများ၊ ဝန်ထမ်းများက စားသောက်ဖွယ်ရာများနှင့်ဆေးဝါးပစ္စည်းများ၊ မွေးနေ့ကိတ်မုန့်များ စုပေါင်းလှူဒါန်းကန်တော့ကြသည်။

ဘွားသာဖြူမှာ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ဇာတိဖြစ်ပြီး နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ပြုစုစောင့်ရှောက်ထားသည်မှာ (၁၇)နှစ်ကြာပြီဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ ဧရာဝတီတိုင်း လေဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများအဖွဲ့ချုပ်က ပေးပို့လှူဒါန်းသော တရုတ်ယွမ်ငါးသိန်းတန်ဖိုးရှိ ပစ္စည်းများကို လက်ခံစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများအဖွဲ့ချုပ်က လေဘေးသင့်ပြည်သူများအတွက် မိသားစုသုံးပစ္စည်းများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများအဖွဲ့ချုပ်က ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် မိသားစုသုံးပစ္စည်းများလှူဒါန်းပွဲကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေး၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်ကြည်နှင့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဒေါ်မြသီဂီနှင့် ဒေါ်နီနီဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကောင်စစ်ဝန် Mr. Tang Hai နှင့် ပထမအတွင်းဝန် Mrs. Xu Qingyuan တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များထံ ဧရာဝတီတိုင်း လေဘေးသင့် ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများအဖွဲ့ချုပ်က ပေးပို့လှူဒါန်းသော တရုတ်ယွမ်ငါးသိန်းတန်ဖိုးရှိ ရေသန့်စက် ၄၈လုံး၊ အရေးပေါ်သုံး မီးအိမ်အလုံး၃၈၀၊ ကလေးအဝတ်အထည်များ၊ အမျိုးသမီးအဝတ်အထည်များ၊ အမျိုးသမီးသုံးပစ္စည်းများနှင့် ကိုယ်တိုက်ဆပ်ပြာများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကောင်စစ်ဝန် Mr. Tang Hai နှင့် ပထမအတွင်းဝန် Mrs. Xu Qingyuan တို့က ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ရေဝတီမြစ်နှင့် စစ်တောင်းမြစ်ရေ အခြေအနေ

ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် ထုတ်ပြန်ချက်

ဧရာဝတီမြစ်ရေသည် ယနေ့နံနက်မြန်မာစံတော်ချိန် ၁၁နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၄၃စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် လေးရက်အတွင်း လက်ရှိရေမှတ်အထက် စင်တီမီတာ ၂၀ (ရှစ်လက်မခန့်) မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားသည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက်မြန်မာစံတော်ချိန် ၁၁နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၀၈စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၈စင်တီမီတာ (၁ဒသမ၃ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀အထက်တွင် ဆက်လက်တည်ရှိမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ထူးကဲဒီရေသတိပေးချက်

ရန်ကုန် ဩဂုတ် ၂၅

ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၄ ရက်အထိကာလ၌ ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁၈ ပေခန့်မှ ၂၀ ဒသမ ၉၅ ပေခန့်အထိ ထူးကဲဒီရေတက်မည်ဖြစ်ကြောင်း၊ ယခင် ၂၀၀၆-၂၀၀၇ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၇ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

လက်ရာမြိုင်မြိုင်ဆိုင်ဆိုင် လှိုင်မြို့နယ်မှ ပန်းချီပြပွဲ

အနုပညာသတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံမှတ်တမ်း-သက်ထက်ကို(ဘော်ဂါမြေ)

အကြောင်းအရာ၊ အရောင်အသွေး၊ လက်ရာကောင်းများနှင့်စုစည်းဖန်တီးသည့် ပန်းချီကားများသည် ကြည့်ရှုသူတို့အားစိတ်ကြည်နူး လန်းဆန်းစေပြီး ခွန်အားသစ်များကိုဖြစ်စေပါသည်။

ယခုလည်း အကြောင်းအရာအဖုံဖုံ၊ လက်ရာအစုံစုံနှင့် အရောင်အသွေးကအစ စုံပြည်ပြီး ဘဝအမောတွေပြေစေမည့် **"အနုရသ"** ဟု အမည်ပေးထားသော (၈)ကြိမ်မြောက် ပန်းချီပြပွဲ တစ်ခုကို လှိုင်မြို့နယ်မှ ပန်းချီဆရာများက စုပေါင်း၍ ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး (ဗဟို)ပြခန်းတွင် ဩဂုတ်လ ၂၆ရက်မှ စက်တင်ဘာလ ၂ရက် အထိ (တနင်္လာနေ့ ဈေးပိတ်ရက်မှအပ) နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ပြသလျက်ရှိသည်။

မြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ပန်းချီဆရာကြီး ဦးလှသိန်းအောင်က **"ကျွန်တော်တို့ ဒီပြပွဲလေးကို မြို့နယ်အတွင်းက တက်သစ်စလူငယ်ပန်းချီဆရာလေးတွေကို လက်တွဲပြီး ပွဲထုတ်ချင်လို့ပါ"**ဟုဆိုသည်။ပြခန်းအတွင်း ပန်းချီဆရာကြီးများ၏လက်ရာ၊ယနေ့နာမည်ရ ပန်းချီဆရာ၏ လက်ရာ၊ တက်သစ်စ လူငယ်ပန်းချီဆရာများ၏ လက်ရာပန်းချီကား ၉၀ကျော်တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ချိတ်ဆွဲပြသထားသည်ကို တွေ့မြင်နေရသည်။

ပန်းချီဆရာကြီး ဦးလှသိန်းအောင်၏ ပြပွဲတွင် **"သမိုင်းဝင်ခြသေ့"** အမည်ရှိ ပန်းချီကားမှာ ဝါရင့်ပန်းချီဆရာကြီး၏ လက်ရာပီပီ အစိုင်အခဲ၊ ထုထည်၊ ဒြပ်ဝတ္ထု ဖွဲ့စည်းပုံဖော်မှုပညာရပ်တွင် လက်စွမ်းပြထားသော ပန်းချီကားကြီးတစ်ချပ်ပင်ဖြစ်သည်။

ပြပွဲတာဝန်ခံ လူငယ်ပန်းချီဆရာသက်မော်၏ ၃ပေ×၄ပေ အရွယ် အခရိုင်းလစ်ဖြင့် ခြယ်မှုန်းထားသော**"အိုးဈေး"** ပန်ချီကားမှာ အရွယ်အစားအစုံစုံ အိုးများကြားတွင် တိုင်းရင်းသူတစ်ဦး အိုးရွေးနေသောပုံဖြစ်သည်။ အနီးအဝေး၊ အလင်းအမှောင်၊ နေရာထားသိုမှု ကောင်းကောင်းဖြင့် ဖော်ကျူးထားသော ပုံကောင်းလေးတစ်ပုံ ဖြစ်သည်။

ထွန်းဖောင်ဒေးရှင်းပန်းချီပြပွဲတွင် ပထမရခဲ့ဖူးသော ပန်းချီဆရာ ဝင်းမြင့်မိုး၏ **"ဟဲရှာဈေး"** ပန်းချီကားများမှာလည်း တည်ငြိမ်မှု၊ လှုပ်ရှားမှုမတူညီခြင်း နှစ်ရပ်ကို တစ်ပြိုင်တည်း ဖော်ကျူးရေးဆွဲထားသောပုံ ဖြစ်သည်။ နောက်ခံ စေတီငယ်များ၏ တည်ငြိမ်အေးချမ်းမှု၊ ရေပြင်၏ အေးမြသောရိုက်ခတ်မှုအကြား ဈေးဝယ်၊ ဈေးသည်တို့၏ လှုပ်လှုပ်ရှားရှား အရောင်းအဝယ်ပြုနေပုံတို့ကို အမိအရ ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရသည်။ အတွေးအခေါ် စိတ်ကူးကောင်းရုံမျှမက စုတ်ချက်ပိုင်နိုင်မှုကိုပါ တစ်ပါတည်း ပြသထားရာ ဆရာကောင်းတပည့် ပန်းကောင်းပန်ရသည့်နှယ် နှစ်လိုဖွယ်ကောင်းသော ပန်းချီကားများကို ဖန်တီးနိုင်စွမ်းရှိသည့် လူငယ်ပန်းချီပညာရှင် တစ်ယောက်ဖြစ်ကြောင်း အသိအမှတ် ပြုမိပေသည်။

၆ပေ × ၄ပေ အရွယ် ပြပွဲတွင် အကြီးဆုံး ပန်းချီကားဖြစ်သည့် ပန်းချီဆရာ ကျော်ရှိန်၏ **'တာခေါင်'** ဟု အမည်ပေးထားသော ပန်းချီကားကြီးမှာ စိတ်ကြည်နူးဖွယ်ရာပင်။ ရှမ်းပြည်နယ်(တောင်ပိုင်း) တာခေါင်ကျေးရွာငယ်ရှိ တိုင်းရင်းသားတို့၏ လက်ရာ စေတီငယ်လေးများဝန်းရံနေသည့် ဘုရားပရိဝုဏ်ပင်ဖြစ်သည်။ စေတီငယ်များကြား ဖြူးနေသော လူသွားလမ်းလေးတွင် ဒေသခံတိုင်းရင်းသားများ ခရီးနှင်နေပုံကို အခရိုင်းလစ်ဆေးဖြင့်သရုပ်ဖော်ထားခြင်းဖြစ်သည်။ အလင်းအမှောင် နေရာအယူအဆ အရိပ်ဖြာကျမှုတို့ကို သရုပ်မှန် အနုစိတ်ရေးဆွဲထားသောကြောင့် ပန်းချီကားလေလား၊ ဓာတ်ပုံလေလား ထင်မှားမိတော့သည်။

တက်သစ်စ လူငယ်ပန်းချီဆရာ ဝင်းမောင်ရွှေမှာလည်း ကင်မရာသမားတစ်ဦးဖြစ်ရာ ၎င်းကိုယ်တိုင် ဒေသအစုံစုံသို့ ရောက်ခဲ့စဉ်က မှတ်တမ်းတင် ရေးဆွဲထားသော ပန်းချီကားများဖြစ်သည်။ တစ်ဦးတည်း ပန်းချီကားကိုးကား တင်ပြထားရာ အတွေးရဲရဲ၊ အရေး ရဲရဲဖြင့် ခေတ်ပေါ်နှင့် သရုပ်မှန်ပန်းချီကားများကိုလည်း ကြည့်ရှုခံစားရမည်ဖြစ်သည်။

ထို့အပြင် မောင်မောင်တင့်၏ **'ပဒေါင်'**၊ ဉာဏ်သိန်း၏ **'ချစ်စရာပုဂံ'**၊ ခိုင်သင်းတာ၏ **'ပန်းသီး'**၊ မြင့်အောင်၏ **'အဖြူရောင်နှလုံးသား'**၊ထက်ဝင်းထိန်၏**'ထီးနှင့်ငှက်'**၊ ဝင်းမောင်ရွှေ၏ **'ရေချိုးဆိပ်'**၊ အေးသန်း၏ **'တိမ်အလှနှင့် ကမ်းခြေ'**၊ လှဟန်၏ **'ပုဂံမြို့ဟောင်း'**၊ ဝေဆာ၏ **'ငှက်မောင်နှံ'**၊ ဒေါက်တာ ခင်မေကြည်၏ **'ကူးတို့လှေ'** နှင့် အောင်အောင်မိုး၏ **'စိတ်ကူး'**ပန်းချီကားလေးများမှာလည်း စိတ်ကြည်နူးဖွယ်ရာ ရသများကို ပေးနိုင်စွမ်းရှိကြပေရာ ပန်းချီအနုပညာစွမ်းအားဖြင့် ခွန်အားသစ်ကိုဖြစ်စေသော**'အနုရသ'** ဟု မည်သော ထိုပန်းချီပြပွဲသို့ သွားရောက် လေ့လာကြည့်ရှုသင့်ပါကြောင်း အနုပညာသတင်းအဖြစ် ညွှန်းဆို ရေးသားလိုက်ရပါသည်။



အိုးဈေး ပန်းချီ

ပန်းချီ ဆရာ သက် မော် ၏ 'အိုးဈေး' ပန်းချီ ကားက ဤသို့ ပီပီပြင်ပြင်။

✳ ရွှေဖုံးမှ

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် မိတ္ထီလာမှ မော်တော်ယာဉ်များဖြင့် မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးလမ်း အတိုင်း ထွက်ခွာခဲ့ရာ မိုင်တိုင်အမှတ်(၅/၁)ရှိမြတ်နိုးသူကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦး၊ ပုဂံလမ်း အဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၇/၆)ရှိ မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာ ကွင်းအမှတ် (၈၈၂) ရှိ တောင်သူ ဦးဘိုစိုး၏ လယ်မြေ ၁ ဒသမ ၁၂ ဧက စိုက်ခင်း၌ ကောက်စိုက်သမများ၏ မိုးစပါး သရုပ်ပြစိုက်ပျိုးနေမှုနှင့် စက်ယန္တရားများဖြင့် ထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးကြကာ ကောက်စိုက်သမများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး စိုက်ခင်းအနီး ဖွင့်လှစ်ရောင်းချလျက်ရှိသော လယ်ယာစိုက်ပျိုးရေးသုံး ပစ္စည်းများနှင့် ဒေသခံတောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာများကို ဖြန့်ဖြူးပေးဝေနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာအနီးရှိ မုန်တိုင်ရေလှောင်တမံ၌ ရေသိုလှောင်ထားရှိမှု၊ မိတ္ထီလာကန် ကူရေ၊ မိုးစပါးအတွက် စိုက်ပျိုးရေ ပေးဝေနေသော ရေထုတ်ပြွန်နှင့် မြောင်းလက်တံတစ်လျှောက် စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မုန်တိုင် ရေလှောင်တမံသည် မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအလျား ပေ ၄၂၀၀၊ တမံအမြင့် ၆၇ ပေနှင့် ဆည်ရေသောက် ဧရိယာမှာ ၆၆၈၃ ဧက ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းအတိုင်း ထွက်ခွာလာရာ မိတ္ထီလာမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်နယ်စပ်၌ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် မကွေးတပ်နယ်မှ ဗိုလ်မှူးကြီးစိုးထွန်းတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

မှာကြား

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့များသည် ဆက်လက်ထွက်ခွာလာရာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ဇရပ်ကုန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးက လမ်းပိုင်းအလိုက် ဆောင်ရွက်ပြီးစီးမှု၊ တံတားများတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များကို မှာကြားဆောင်ရွက်ပေးသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် မန္တလေးတိုင်း တံတားဦးမြို့နယ်မှ ရန်ကုန်တိုင်း မှော်ဘီမြို့နယ်အထိ အရှည်မိုင် ၄၀၀/၁ ဖာလုံရှိပြီး မန္တလေး-မကွေး-ပဲခူးနှင့် ရန်ကုန်တိုင်းတို့ကို ဖြတ်သန်း ဖောက်လုပ်ထားကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် ကျောက်ပန်းတောင်းမြို့ မြို့အဝင်၌ မြတ်နိုးသူကုမ္ပဏီမှ စက်ယန္တရားကြီးများဖြင့်မြေသားလမ်း တိုးချဲ့ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပုပ္ပားတပ်နယ် ဦးအောင်ဇေယျခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများနှင့် လက်တွဲကြိုးပမ်း ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ညအိပ်ရပ်နား

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ညောင်ဦးမြို့သို့ ရောက်ရှိ ညအိပ်ရပ်နားသည်။ **(သတင်းစဉ်)**

လှူဒါန်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာနေ ပြည်သူများအတွက် ဆန်အိတ်များ ပေးအပ်လှူဒါန်းစဉ်။
(၁၉)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာ၌ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

ရန်ကုန် ဩဂုတ် ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်သို့ သွားရောက်ပြီး ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသော ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး ကျေးရွာပြည်သူများအတွက် ဆန်အိတ် ၆၉ အိတ်တို့ကို ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် ကော့မှူးမြို့နယ် ချောင်ကော်ခြံကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ပြီး မုန်တိုင်းဒဏ်ကြောင့် ပြိုလဲပျက်စီးသွားသော ကျောင်းဆောင်အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ အလျားပေ ၁၂၀ နှင့် အကျယ်ပေ ၃၀ ရှိ တစ်ထပ် Steel Structure ကျောင်းဆောင်သစ် အမြန်ဆုံး ပြန်လည်ဆောက်လုပ်ရန်အတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(၁၉)**

သဲကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးပဒေသာပင်လှူ

ရန်ကုန် ဩဂုတ် ၂၅

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက် ၁၀နာရီတွင် အဆိုပါ ဆေးရုံအစည်းဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ဆရာဝန်၊ ဆရာမများ၊ ဆေးရုံကြီး ကြပ်မှုကော်မတီများနှင့် ရပ်မိ ရပ်ဖများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်၊ အလှူရှင်မိသားစုကိုယ်စား သားဖြစ်သူ ဦးခင်မောင်ကြူ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ပြေတို့က အမှာစကား ပြောကြားကြပြီး အလှူရှင် သဲကုန်းမြို့ ရပ်ကွက်(၁) ဆေးရုံလမ်း (ဦးရွှေလုံး)-ဒေါ်ကြည်ကြည် မိသားစုက အလှူငွေ ကျပ် ၅၀၀၀၀၀ ကို မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်ထံသို့ ပေးအပ် လှူဒါန်းသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ အလှူရှင်က သဲကုန်းအထကကျောင်းဆောင်များ ပြုပြင်ရေးအတွက် အလှူငွေ ကျပ် ၅၀၀၀၀၀နှင့် ကျောင်းသား၊ကျောင်းသူဟောင်းများ ပညာရေးငွေပဒေသာပင်သို့ အလှူငွေကျပ် ၃၀၀၀၀၀ တို့ကိုလည်း ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

ပြည်မြန်မာ သတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၅

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၃၀)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉)လမ်းထောင့် Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်တွင် သယ်န်းကျွန်းမြို့နယ်၌ ဖြစ်ပွားသည့် နှစ်လောင်းပြိုင် လူသတ်မှုကျူးလွန်သူ တရားခံများကို ဖမ်းမိပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့သည့် မစ္စတာဂမ်ဘာရီ၊ သဘာဝဘေးအန္တရာယ် လွတ်ကင်းရာသို့ အမြန်ဆုံးသွားရောက်နိုင်မည့် လမ်းညွှန်မြေပုံ ရေးဆွဲနိုင်တော့မည်၊ မိမိ ဂီတသက်တမ်းတွင် ပရိသတ်အများဆုံးနှင့် တွေ့ခဲ့ရဟု လေးဖြူပြောကြား၊ ဒီဇယ်နှင့် ဓာတ်ဆီများကို FEC ဖြင့် လိုသလောက်ဝယ်ယူနိုင်ပြီ၊ ကိုရီးယားမှ ပင်လယ်ရေမှော်များကို မြန်မာနိုင်ငံ၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးမည်၊ ကဒိုကနိမှ ကြက်ခြေနီတစ်ဦးက ကျွန်းတစ်ကျွန်းပေါ်မှ မုန်တိုင်းသင့်သူ ၁၀၀ ကျော်အား သက်စွန့်ဆံဖျား ကယ်တင်ခဲ့၊ မိုးကုတ်မြို့နယ်တွင် ယခုနှစ်အတွင်း ဒုတိယကြိမ် မြေပြိုကာ လူခြောက်ဦးသေဆုံး၊ ရန်ကုန်တွင် ပါရမီတက္ကစီ စီးရေ ၁၀၀ ထပ်မံပြေးဆွဲ၊ ခန္ဓာကိုယ်အတွက် အာဟာရဓာတ် ၁၅၀ကျော်ပါဝင်သည့် မြန်မာ့ဆေးဖက်ဝင် ရဲယိုရည် ကမ္ဘာ၌ဈေးကောင်းရရှိ၊ FAME မှဆေးများအားလုံးကို ဂျပန်ကုမ္ပဏီတစ်ခုမှ တစ်ဦးတည်း ကိုယ်စားလှယ်အနေဖြင့် မှာယူမည်၊ မိုး/ဇလမှ မြေလျှင်စခန်းများကို နိုဝင်ဘာလတွင် အပြီးတည်ဆောက်သွားမည်၊ ရုရှားတပ်များအားလုံး ဂျော်ဂျီယာမှ ဆုတ်ခွာပေးပြီ၊ ကမ္ဘာ့အရပ်ရှည်ဆုံးဘွဲ့ကို တရုတ်နိုင်ငံသားကြီးပြန်လည်ရရှိ၊ စပိန်နိုင်ငံ မဒရစ်လေဆိပ်၌ လေယာဉ်ပျက်ကျ၍ လူ ၁၅၀ ကျော်သေဆုံး စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပို များနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❀ ယခင်ကမှ

ဘရစ်ဂ်ဟမ် အမျိုးသမီးဆေးရုံနှင့် ဟားဗတ်ဆေးပညာတက္ကသိုလ်မှ ဒေါက်တာဆာလ်မန်ကီရှာဗီက ပြောကြားသည်။

သုတေသီများ၏ လေ့လာစမ်းသပ်မှုအရ ရောဂါ ပျောက်ကင်းသက်သာနှုန်းမှာ ၄၈ ဒသမ ၃ ရာခိုင်နှုန်း ရှိသည်ဟုဆိုသည်။ ဆိုက်ဘေးရီးယားဒေသ တွမ်စကီးအရပ်မှ တီဘီဝေဒနာသည်ပေါင်း ၆၀၈ဦးကို စမ်းသပ်လေ့လာရာမှ အထက်ပါအဖြေကို ရရှိခြင်းဖြစ်ကြောင်းသိရသည်။

အမ်အင်အေ၊ရိုက်တာ။

မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သည့် HIV/AIDS ရောဂါ အန္တရာယ်များအကြောင်း အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂၅

မရမ်းကုန်းမြို့နယ် ဂန္ဓမာလမ်းရှိ အလက(၁) ကျောင်းတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် HIV/AIDS ရောဂါ အန္တရာယ်များ အကြောင်း အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၅ရက်က ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့မှ ဦးဆောင်ကျင်းပသည်။

ဆွေးနွေးဟောပြော

ဟောပြောပွဲတွင် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခင်ဇော်(မရမ်းကုန်း)နှင့် ဦးအောင်မိုးကျော်(ခ)တိုကျိုအောင်ကြီး **(ဝဲပုံ)** ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ် ကြီးကြပ်ရေးမှူးအသင်းမှ ရန်ကုန်အနောက်ပိုင်း ခရိုင်တာဝန်ခံ မြို့နယ်စာပေနှင့်စာနယ်ဇင်း အတွင်းရေးမှူး မြေလတ်ထင်ကျော်မိုးတို့က မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည် ရောဂါအန္တရာယ်များ၊ HIV/AIDS ရောဂါ အန္တရာယ်များအကြောင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆွေးနွေးဟောပြောကြသည်။

(ကြေးမုံ)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ရေထဲမှ ရွှေတံဆိပ်အများဆုံးဆွတ်ခူးပြီး အိုလံပစ်သမိုင်း၌ မှတ်တမ်းဝင်သွားသူ မိုက်ကယ်ဖဲလ်ပ်စ်

ဇာနည်ဦး

၂၀၀၈ ပေကျင်း အိုလံပစ် အားကစားပြိုင်ပွဲကြီး ပြီးဆုံးသွားခဲ့ပြီဖြစ်ရာ အိမ်ရှင်တို့က ရွှေတံဆိပ် (၅၁) ခု၊ ငွေတံဆိပ် (၂၁)ခု၊ ကြေးတံဆိပ် (၂၈) ခုဖြင့် စုစုပေါင်း ဆုတံဆိပ် (၁၀၀) ရကာ နိုင်ငံအလိုက် ပထမရရှိခဲ့သည်။

အိမ်ရှင်၏ နောက်တွင် ရွှေတံဆိပ် (၃၆) ခု၊ ငွေတံဆိပ် (၃၈) ခု၊ ကြေးတံဆိပ် (၃၆)ခု စုစုပေါင်း ဆုတံဆိပ် (၁၁၀) ဖြင့် ဒုတိယနေရာကိုအမေရိကန်ကရရှိခဲ့သည်။

အမေရိကန်အသင်း ရရှိခဲ့သော ရွှေတံဆိပ်အရေအတွက် (၃၆)ခုအနက် ရေကူးပြိုင်ပွဲမှ မိုက်ကယ်ဖဲလ်ပ်စ်တစ်ဦးတည်းက ရွှေတံဆိပ်ရှစ်ခု ဆွတ်ခူးရယူပေးခဲ့သည်။ မိုက်ကယ်ဖဲလ်ပ်စ်သည် ရေကူးပြိုင်ပွဲ ပွဲစဉ်ရှစ်ခုမှ ရွှေတံဆိပ်ရှစ်ခုရရှိခဲ့ရာတွင် ပွဲစဉ်ခုနစ်ခု၌ ကမ္ဘာ့စံချိန်သစ်များ ထူးထူးခြားခြား တင်နိုင်ခဲ့သည်။ ၎င်းသည်ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲ၏ရွှေတံဆိပ်အများဆုံးရရှိသည့် အထူးချွန်ဆုံး အားကစားသမားအဖြစ် သမိုင်းဝင်ခဲ့သည်။

ထို့ပြင် မိုက်ကယ်ဖဲလ်ပ်စ်သည် အိုလံပစ် အားကစားသမိုင်းတွင် ရွှေတံဆိပ်စုစုပေါင်း(၁၄)ခုဖြင့် ရွှေအများဆုံးနှင့် အအောင်မြင်ဆုံး အားကစားသမားအဖြစ် သမိုင်းဝင်ခဲ့ပြီဖြစ်သည်။

မိုက်ကယ်ဖဲလ်ပ်စ်သည် ၂၀၀၄ ခုနှစ်က ဂရိနိုင်ငံ အေသင်မြို့၌ ကျင်းပခဲ့သည့် အိုလံပစ်အားကစားပွဲတွင် ရွှေတံဆိပ်ခြောက်ခုရရှိခဲ့ပြီး ယခု ပေကျင်း အိုလံပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ရှစ်ခု ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၀၄ ခုနှစ် အေသင် အိုလံပစ် အားကစားပွဲ ရေကူးပြိုင်ပွဲတွင် မိုက်ကယ်ဖဲလ်ပ်စ်သည်-

၁။ မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ
၂။ မီတာ ၂၀၀ လိပ်ပြာကူးပြိုင်ပွဲ
၃။ မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ
၄။ မီတာ ၄၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ
၅။ ၄ × ၂၀၀ မီတာ အလွတ်ကူးပြိုင်ပွဲ
၆။ ၄× ၁၀၀ မီတာ လေးမျိုးကူးပြိုင်ပွဲ

၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတွင် မိုက်ကယ်ဖဲလ်ပ်စ်အား ၎င်းရွှေတံဆိပ်ရရှိခဲ့သော ပွဲစဉ်၊ စံချိန်ဇယားနှင့်အတူ တွေ့ရစဉ်။

Date	Event	Results
Aug.17	Men's 4×100m Medley Relay	3:29.34 ··········· World Record
Aug.16	Men's 100m Butterfly	50.58
Aug.15	Men's 200m Individual Medley	1:54.23 ··········· World Record
Aug.13	Men's 200m Butterfly	1:52.03 ··········· World Record
Aug.13	Men's 4×200m Freestyle Relay	6:58.56 ··········· World Record
Aug.12	Men's 200m Freestyle	1:42.96 ··········· World Record
Aug.11	Men's 4X100m Freestyle Relay	3:08.24 ··········· World Record
Aug.10	Men's 400m Individual Medley	4:03.84 ··········· World Record

တို့၌ ရွှေတံဆိပ်များ ရရှိခဲ့ကာ အိုလံပစ်ပြိုင်ပွဲတစ်ခုအတွင်း တစ်ဦးချင်း ရွှေတံဆိပ် အများဆုံးဆွတ်ခူးသူ အားကစားသမားအဖြစ် ကမ္ဘာ့မှတ်တမ်းစာအုပ်၌ ဖော်ပြခြင်းခံရသည်။

ထို့ပြင် ၎င်းသည် ၂၀၀၆ ခုနှစ် ဩဂုတ် ၁၇ ရက်က ကနေဒါနိုင်ငံ ဗစ်တိုးရီးယားမြို့၌ ကျင်းပခဲ့သော ရေကူးပြိုင်ပွဲတွင် မီတာ ၂၀၀ လိပ်ပြာကူးပြိုင်ပွဲ၌ ၁ မိနစ် ၅၃ ဒသမ ၈ စက္ကန့် ဖြင့် ရွှေတံဆိပ်ဆွတ်ခူးခဲ့ရာ ကမ္ဘာ့အမြန်ဆုံး အမျိုးသားအဖြစ် ဂင်းနက်စ် စာအုပ်၌ ဖော်ပြခံရသည်။ (ယခု ပေကျင်း အိုလံပစ်ပြိုင်ပွဲ၌ ၎င်းတင်ထားသော အထက်ပါ စံချိန်ကို ၁ မိနစ် ၄၂ ဒသမ ၉၆ စက္ကန့်ဖြင့် ထပ်မံချိုးလိုက်သည်။)

၂၀၀၈ ပေကျင်း အိုလံပစ် အားကစားပွဲတွင် မိုက်ကယ်ဖဲလ်ပ်စ်သည် အထက်ပါ ကမ္ဘာ့မှတ်တမ်းစံချိန်များကို ထပ်မံချိုးလိုက်ပြီး ဂင်းနက်စ် မှတ်တမ်းစာအုပ်၌ ထပ်မံမှတ်တမ်း ဝင်သွားဦးမည်ဖြစ်သည်။

မိုက်ကယ်ဖဲလ်ပ်စ်သည် ၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော် ရေကူးပြိုင်ပွဲတွင်-

၁။၄×၁၀၀ မီတာ လက်ဆင့်ကမ်း လေးမျိုးကူးပြိုင်ပွဲ၌ ၃မိနစ် ၂၉ ဒသမ ၃၄ စက္ကန့်. (ကမ္ဘာ့စံချိန်သစ်)
၂။ မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၌ ၅၀ ဒသမ ၅၈ စက္ကန့်.
၃။ မီတာ၂၀၀ တစ်ဦးချင်း လေးမျိုး ကူးပြိုင်ပွဲ၌ ၁မိနစ် ၅၄ ဒသမ ၂၃ စက္ကန့်. (ကမ္ဘာ့စံချိန်သစ်)
၄။ မီတာ ၂၀၀ လိပ်ပြာကူးပြိုင်ပွဲ၌ ၁မိနစ် ၅၂ ဒသမ ၀၃ စက္ကန့်. (ကမ္ဘာ့စံချိန်သစ်)
၅။ ၄×၂၀၀ မီတာ လက်ဆင့် ကမ်း အလွတ်ကူးပြိုင်ပွဲ၌ ၆ မိနစ် ၅၈ဒသမ ၅၆စက္ကန့်. (ကမ္ဘာ့စံချိန်သစ်)
၆။ မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၌ ၁မိနစ် ၄၂ဒသမ ၉၆စက္ကန့်. (ကမ္ဘာ့စံချိန်သစ်)
၇။ ၄×၁၀၀မီတာ လက်ဆင့်ကမ်း အလွတ်ကူးပြိုင်ပွဲ၌ ၃မိနစ် ၀၈ဒသမ ၂၄စက္ကန့်. (ကမ္ဘာ့စံချိန်သစ်)
၈။ မီတာ၄၀၀ တစ်ဦးချင်းလေးမျိုး ကူးပြိုင်ပွဲ၌ ၄မိနစ် ၀၃ ဒသမ၈၄စက္ကန့်. (ကမ္ဘာ့စံချိန်သစ်)

တို့ဖြင့် ပြိုင်ပွဲရှစ်မျိုး၌ ရွှေတံဆိပ်ရှစ်ခုရရှိခဲ့ရာ အိုလံပစ်ပြိုင်ပွဲတစ်ခုအတွင်း အားကစားနည်း တစ်မျိုးတည်းမှ တစ်ဦးတည်း ရွှေတံဆိပ်အများဆုံးရရှိသူ အားကစားသမားအဖြစ် အိုလံပစ်သမိုင်း၌ ပထမဆုံး ပေါ်ထွန်းခဲ့ပြီဖြစ်သည်။

၂၀၀၄ခုနှစ် အေသင်အိုလံပစ် အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ခြောက်ခု ဆွတ်ခူးခဲ့စဉ်က တွေ့ရသည့် မိုက်ကယ်ဖဲလ်ပ်စ်။

မြန်မာကရာတေးဒို အားကစားအဖွဲ့ဝင်များ မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၅

၂၀၀၈ ခုနှစ် ဩဂုတ် ၂၄ ရက်မှ ၃၁ ရက်အထိ မလေးရှားနိုင်ငံ Sabah, Kota Kinabalu မြို့၌ ကျင်းပမည့် (၉)ကြိမ်မြောက် အာရှကရာတေးဒိုအဖွဲ့ချုပ်၏ သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲနှင့် အဖွဲ့ဝင်နိုင်ငံများ၏ မျက်နှာစုံညီ အစည်းအဝေး (9 th AKF Junior and Cadet Championship and Congress-2008) တို့သို့ တက်ရောက်ရန် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော် (Group of Lizstar Companies) ခေါင်းဆောင်သော မြန်မာကရာတေးဒို အားကစားအဖွဲ့ဝင်များသည် ယမန်နေ့တွင် လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာကရာတေးဒို အားကစားအဖွဲ့ဝင်များအား မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးစိုးဝင်း၊ အမှုဆောင် ဦးသိန်းဌေးအောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပါဝင်

မြန်မာကရာတေးဒို အားကစားအဖွဲ့တွင် ဒုတိယခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အမှုဆောင် ဦးအိုက်ယီ (မန်နေဂျင်း ဒါရိုက်တာ Yadanar Theingi Co., Ltd)၊ အသင်းအုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ရဲမှူးကြီးခင်မောင်ထွန်း (ငြိမ်း)၊ ပြိုင်ပွဲတွင် ဒိုင်တာဝန်ထမ်းဆောင်ရန်နှင့် နိုင်ငံတကာ အသိမှတ်ပြု ဒိုင်လူကြီးအဆင့် တိုးမြှင့်စာမေးပွဲ ဖြေဆိုရန်အတွက် ဒိုင်များအဖြစ် ဦးမြင့်အောင်၊ ဦးဇော်မြင့်၊ ဦးထွန်းဇော်နှင့် ဦးအောင်ထင်ကျော်၊ နည်းပြအဖြစ် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန နည်းပြအရာရှိ ဦးထိန်ဝင်းမြင့်နှင့် လူငယ်လက်ရွေးစင်အဖြစ် ကျော်ကျော်ထွန်း (သစ်တောရေးရာ)တို့ ပါဝင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၉)ကြိမ်မြောက် အာရှကရာတေးဒို အဖွဲ့ချုပ်၏ သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲနှင့် အဖွဲ့ဝင်နိုင်ငံများ၏ မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာကရာတေးဒို အားကစားအဖွဲ့ မလေးရှားနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။

(ကရာတေးဒိုအဖွဲ့ချုပ်)

Football Fitness Coaching Course **သင်တန်းဖွင့်**

ရန်ကုန် ဩဂုတ် ၂၅

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)၊ အာဆီယံ ဘောလုံးအဖွဲ့ချုပ် (AFF) နှင့် မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ် (MFF) တို့ ပူးပေါင်းဖွင့်လှစ်သော Football Fitness Coaching Course သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက သုဝဏ္ဏရှိ Goal ဟိုတယ်တွင် ကျင်းပရာ ရှေးဦးစွာ သင်တန်းသားများအား တစ်ဦးချင်း မိတ်ဆက်ပေးပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် သင်တန်းနည်းပြဆရာတို့က သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အမှာစကားပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြ Mr. Aleksandar Bozenko စင်ကာပူက အမှာစကားပြောကြားသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ်၊ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြ၊ သင်တန်းသားများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

(အပေါ်ပုံ)

ယခုသင်တန်းသို့ အာဆီယံခုနစ်နိုင်ငံမှ သင်တန်းသား ၁၇ ဦး တက်ရောက်ရာ မြန်မာနိုင်ငံမှ ဦးဆန်းဝင်း၊ ဦးကျော်လွင်၊ ဦးစိုးမိုး၊ ဦးဝင်းမြင့်သွင်၊ ဦးလင်းရောင်၊ ဦးအုန်းကြိုင်၊ ဦးညီညီလတ်နှင့် ဦးကြည်နိုင်၊ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားတို့မှ နှစ်ဦးစီ၊ မလေးရှား၊ ဘရူနိုင်း၊ အရှေ့တီမော တို့မှ တစ်ဦးစီပါဝင်ကြသည်။ အဆိုပါ သင်တန်းကို ဩဂုတ် ၂၅ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

(ကြေးမုံ)

သန့်ရှင်းသော သောက်သုံးရေရရှိရေး နည်းလမ်းနှစ်သွယ်

မြန်မာတို့၏ ဆိုရိုးစကားများထဲတွင် **"ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တစ်မနက်"** ဟူ၍ရှိနေရာ ရေ၏အရေးပါပုံကို အထူးဖော်ညွှန်းထားခြင်းဖြစ်သည်။ လူသားတိုင်း သောက်သုံးနေသောရေတွင်လည်း သန့်ရှင်းသော ရေဖြစ်ရန် ပို၍အရေးကြီးသည်။ ကမ္ဘာပေါ်တွင် ရေပေါများပါသည်။ သို့သော် သန့်ရှင်းသောသောက်သုံးရေကား ရှားပါးနေဆဲဖြစ်သည်။ ကမ္ဘာ့မျက်နှာပြင်တစ်ခုလုံး၏ အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၁၉၇ သန်းအနက် ၁၃၉ သန်းခန့်နေရာကို ရေထုကြီးက ဖုံးလွှမ်းထားသည်။ ကမ္ဘာ့မျက်နှာပြင်၏ ရာခိုင်နှုန်း ၇၀ ခန့်သည် ရေများဖြစ်သည်။ မိမိတို့ စားသောက်နေသော အစားအစာများတွင်ရေသည် ၈၅ရာခိုင်နှုန်းခန့် ပါဝင်နေသည်။ ထိုမျှမကသေးပါ၊ လူတို့၏ ခန္ဓာကိုယ်တွင်လည်း ရေသည် ရာခိုင်နှုန်း ၇၀ ခန့် ပါဝင်လျက်ရှိသည်။

ထိုသို့ ကမ္ဘာပေါ်တွင် ရေများက ရာခိုင်နှုန်းများစွာ ဖုံးလွှမ်းတည်ရှိနေသော်လည်း ကမ္ဘာ့ရေထု၏ ၉၇ ရာခိုင်နှုန်းမှာ ရေငန်များဖြစ်နေသည်။ သုံးရာခိုင်နှုန်းသာ ရေချိုဖြစ်ပြီးနှစ် ရာခိုင်နှုန်းမှာကမ္ဘာပေါ်တွင် ရေခဲလွှမ်းဒေသ၊ တောင်တန်းများနှင့် ရေခဲမြစ်များ ဖြစ်ကြသည်။ ဤအချက်များကိုလေ့လာခြင်းဖြင့် ကမ္ဘာပေါ်တွင် ရေပေါသော်လည်း သန့်ရှင်းသော သောက်သုံးရေ နည်းပါးလွန်းကြောင်း တွေ့ရမည်။ ယနေ့ကာလတွင် နည်းပညာသစ်များ အံ့မခန်းတိုးတက်ပြောင်းလဲနေပြီး လူဦးရေ တိုးတက်မှုနှုန်းကလည်း မြန်ဆန်နေသည်။ စက်ရုံအလုပ်ရုံကြီးများလည်း တိုးတက်များပြားလာသည်။ ထိုအခါ လေထုသာမက ရေထုပါညစ်ညမ်းရလေတော့သည်။

ရေထုညစ်ညမ်းလာသောအခါ သန့်ရှင်းသော သောက်သုံးရေပါ အခက်ကြုံရသည်။ လူသားတို့အတွက် ရေကောင်းရေသန့် ဖူလုံစွာရရှိမှသာလျှင် ကျန်းမာရေးအတွက် စိတ်ချရမည်။ ရေကောင်းရေသန့်ဆိုသည်မှာ ၎င်းရေသည် အရောင်အဆင်း၊ အနံ့အရသာ မရှိစေရ။ အနည်များ မပါဝင်စေရ။ အဆိပ်အတောက်ဖြစ်စေသော ဓာတ်သတ္တုများ၊ ဓာတ်ဆားများ မပါဝင်စေရ။ မည်သည့်ရောဂါပိုးမွှားမျှ မပါဝင်စေရ။ ရေတွင်ပါဝင်ရမည့် ဓာတ်ပစ္စည်းများ၏ အချိုးအစားသည် PH_7 အချိုးအစားသာဖြစ်ရမည် ဖြစ်သည်။ ယနေ့ ကမ္ဘာ့လူသားအားလုံး သုံးစွဲနေကြသော ရေကိုအခြေခံ၍ အမျိုးအစားခွဲခြားကြည့်လျှင် မိုးရေ၊ မြစ်ရေ၊ ချောင်းရေ၊ ကန်ရေ၊ တွင်းရေနှင့် စိမ့်စမ်းရေများဖြစ်နေကြောင်း တွေ့ကြရမည်။

၁၉၇၇ ခုနှစ်က အာဂျင်တီးနားနိုင်ငံတွင် ကမ္ဘာ့ကုလသမဂ္ဂရေညီလာခံတစ်ရပ် ကျင်းပကာ ၁၉၈၁ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ၁၀ နှစ်ကာလကို **"အပြည်ပြည်ဆိုင်ရာ သောက်သုံးရေနှင့် သန့်ရှင်းမှုဆယ်စုနှစ်"** အဖြစ် သတ်မှတ်ခဲ့ဖူးသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း သောက်သုံးရေ သန့်ရှင်းမှုစနစ်ကို နည်းလမ်းများစွာဖြင့် ဖော်ဆောင်ခဲ့ကြကြောင်း လေ့လာသိရှိရသည်။ လက်ရှိအခြေအနေတွင် မြန်မာ့လူဦးရေသည် ၅၅ သန်းကျော်လာနေပြီဖြစ်သည့်အလျောက် သန့်ရှင်းသော သောက်သုံးရေ

မောင်ဆွေဝင်း (ပဲခူး)

ရရှိရေးအတွက် အဓိက နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်နိုင်ကြလျှင် မသန့်ရှင်းသောသောက်သုံးရေ သုံးစွဲမှုကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာမည့် ကျန်းမာရေး ဆိုးကျိုးများကို ရှောင်လွှဲနိုင်ကြမည် ဖြစ်ကြောင်း တင်ပြလိုပေသည်။

ပထမနည်းလမ်းတစ်သွယ်မှာ ကျေးလက်ဒေသများကို ဦးစားပေး၍ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများ ကျယ်ကျယ်ပြန့်ပြန့် တူးပြီး သုံးစွဲကြစေရန်ဖြစ်သည်။ ဤသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ပိုင်းကိုချည်း အားကိုးမနေဘဲ စေတနာရှင် အလှူရှင်များကပါ စက်ရေတွင်း တူးဖော်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။ နိုင်ငံတော်ပိုင်းအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များက ပြည်နယ်နှင့်တိုင်းအတွင်းရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ စက်ရေတွင်းတူးလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်းအနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံငွေကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀ နှုန်းများဖြင့် လှူဒါန်းနိုင်ကြကြောင်းလည်း သိရသည်။

နောက်နည်းလမ်းတစ်သွယ်မှာ လူများစုယနေ့တိုင် သုံးစွဲနေကြသော နည်းလမ်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း သဘာဝက ပေးအပ်ထားသော မြစ်ရေ၊ ချောင်းရေ၊ ကန်ရေများမှ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးဖြစ်သည်။ မြစ်ရေ၊ ချောင်းရေတို့၏သန့်ရှင်းမှု၊ မသန့်ရှင်းမှုသည် ၎င်းတို့၏အကျယ်အဝန်း၊ ရေစီးနှုန်း၊ လူနှင့်တိရစ္ဆာန်တို့၏ညစ်ညမ်းစေမှုအပေါ်တွင်မူတည်လျက်ရှိသည်။ ဤနေရာတွင် မိမိတို့ဒေသ အလျောက် မလွှဲမရှောင်သာ၍ မြစ်ရေ၊ ချောင်းရေများကို အသုံးပြုရတော့မည်ဆိုလျှင် အောက်ဖော်ပြပါ အချက်များကို ဂရုပြုလိုက်နာ ဆောင်ရွက်သင့်သည်-

- **မြစ်၊ ချောင်းကမ်းစပ်နေရာများ အနီးတွင် အိမ်သာဆောက်လုပ်ခြင်းကို ရှောင်ကြဉ်ပါ၊**
- **မြစ်၊ ချောင်းများအတွင်းသို့ အညစ်အကြေးနှင့် အမှိုက်သရိုက်များ မစွန့်ပစ်ပါနှင့်၊**
- **နွေကာလရေခန်းခြောက်တတ်သော မြစ်ငယ်၊ ချောင်းငယ်တို့မှရေကို မသုံးသင့်ပါ၊**
- **မြစ်ရေ၊ ချောင်းရေများကို ကျိုချက်ပြီးမှ သောက်သုံးပါ၊**
- **ရေငြိမ်သောနေရာမှ မြစ်ရေ၊ ချောင်းရေများကို မသုံးသင့်ပါ။**

ကန်ရေတွင်မူ သိုလှောင်ခြင်းနှင့် စုဆောင်းခြင်း အပိုင်းနှစ်ပိုင်းရှိသည်။ ယခုကဲ့သို့ မိုးဖွဲဖွဲရွာသော ကာလတွင် မိုးရေကို ကန်အတွင်း ပြည့်စေခြင်းမှာ သိုလှောင်ခြင်းအပိုင်းဖြစ်သည်။ မိုးလွန်၍ သိုလှောင်ခြင်းမှ ရရှိသောရေကို စနစ်တကျ ထိန်းသိမ်း ကာကွယ်ခြင်းမှာ စုဆောင်းခြင်းအပိုင်း ဖြစ်သည်။ ထိုအခါ သောက်ရေ၊ သုံးရေအဖြစ် အရန်သင့်ရေကန်များ ရရှိပါလိမ့်မည်။ ဤသို့ ဆောင်ရွက်ရုံဖြင့် သန့်ရှင်းသော သောက်သုံးရေ မရရှိနိုင်သေးပေ။ ကျေးလက်ဒေသ အတော်များများတွင် ထိုသို့ ကန်ရေကို စနစ်တကျ သိုလှောင်ထားနိုင်သော်လည်း သောက်သုံးရေနှင့်ပတ်သက်၍ အားနည်းချက်များ ရှိနေတတ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ကန်ရေကို အားထားနေရသော ကျေးလက်ပြည်သူများသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် အောက်ပါအချက်များကို ဂရုပြုဆောင်ရွက်ကြရန် လိုအပ်သည်-

- **ရေကန်ရှိ ရေညှိ၊ ရေမှော်၊ အမှိုက်သရိုက်များကို အမြဲမပြတ် ဆယ်ထုတ်ပါ၊**
- **ရေကန်အနီးအနားတွင် အိမ်သာ၊ အမှိုက်ပုံ၊ ရေပုပ်ရေသိုးမြောင်းများ မရှိအောင် စီမံဆောင်ရွက်ပါ၊**
- **ရေကန်သည် နက်၍ သင့်တင့်သောအကျယ်အဝန်းရှိသင့်ပါသည်၊**
- **ရေကန်အတွင်းသို့ အခြားမည်သည့်နေရာမှမဆို ရေစီးဝင်မှုမရှိစေရန် ကာကွယ်ပေးပါ၊**
- **ကျွဲ၊ နွားတိရစ္ဆာန်များ အလွယ်တကူ မဝင်ရောက်နိုင်အောင် ရေကန်ပတ်လည်တွင် ဝင်းခြံခတ်ထားပါ၊**
- **ရေကန်နှင့်ကပ်လျက် သစ်ပင်ကြီးများ ရှိမနေသင့်ပါ။ သစ်ရွက်များ ရေကန်အတွင်း ကျရောက်၍ ရေပုပ်သိုးနိုင်သည်၊**
- **ကန်ရေကိုသောက်ရေအဖြစ် အသုံးပြုမည်ဆိုပါလျှင် ရေကန်တွင် ရေချိုးခြင်း၊ အဝတ်လျှော်ဖွပ်ခြင်းများ မပြုလုပ်သင့်ပါ၊**
- **ရေကန်အတွင်းရေစပ်အထိဆင်းပြီး ရေမခပ်ယူသင့်ပါ။ စက်သီး သို့မဟုတ် ရေစုပ်စက်ကို အသုံးပြုနိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။**

မည်သို့ပင်ဆိုစေ ဒုတိယနည်းလမ်းသွယ်မှ သန့်ရှင်းသော သောက်သုံးရေရရှိရန်အတွက် ရေကို ကျိုချက်ပြီးမှ သောက်သုံးရန် အထူးလိုအပ်သည်။

ယနေ့ မြို့ပြနေရာ အတော်များများတွင် သောက်ရေသန့်များသုံးစွဲမှု တစ်စတစ်စ တွင်ကျယ်လာနေပြီဖြစ်သည်။ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးတွင် ဤသုံးစွဲမှုသည် အကောင်းဆုံးနည်းလမ်းဖြစ်သော်လည်း လူဦးရေ အချိုးအစားဖြင့် ချင့်တွက်လျှင် အချိုးအဆ အလွန်နည်းပါးသည်ဟု ထင်ပါသည်။ နည်းလမ်းနှစ်သွယ်အဖြစ် လိုအပ်သော နေရာတိုင်းတွင် စက်ရေတွင်းများ တူးဖော်ခြင်းနှင့် မြစ်ရေ၊ ချောင်းရေ၊ ကန်ရေများကို စနစ်တကျ သုံးစွဲတတ်ကြခြင်းသည်သာ အဓိကဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကျောက်မဲမြို့တွင် နဂါးမောက်သီးများ ဖြစ်ထွန်းအောင်မြင်

ရန်ကုန် ဩဂုတ် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် လွန်ခဲ့သော လေးနှစ်ခန့်က စတင်ပြီး လူသိများစိုက်ပျိုးဖြစ်ထွန်းလာသော ရှားစောင်းလက်ပပ်မျိုးစိတ် ဂမုန်းနွယ်ဝင် ဆေးဖက်ဝင်နဂါးမောက်သီးများ ယခုအခါလှိုင်လှိုင်ထွက်ပေါ်လာသဖြင့် ခြံပိုင်ရှင်တောင်သူများ ဝင်ငွေကောင်းနေကြသည်ဟု သိရသည်။ အဆိုပါ နဂါးမောက်ပင်များကို ကျောက်မဲမြို့နယ် မွေတော်ကျေးရွာရှိ ခြံတောင်သူ နဂါးမောက်ညွှန့်မင်းသူဆိုသူက စတင်စိုက်ပျိုးခဲ့ပြီး အခြားခြံတောင်သူများသို့ ဖြန့်ဝေခဲ့ရာမှ ယခုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

နဂါးမောက်သီးပေါ်ချိန်မှာတစ်နှစ်လျှင်မေလမှအောက်တိုဘာလအထိဖြစ်သည်။ အထူးသဖြင့်မိုးရာသီတွင် လှိုင်လှိုင်ပေါ်ပြီး အသီးတစ်လုံး၏ အလေးချိန်မှာ ၃၀ ကျပ်သား ကျော်ခန့်ရှိသည်။ အခွံမှာ ပန်းနု အနီရောင်ဖြစ်ပြီး နဂါးလည်ဆံမွေးဖတ်များ ပါရှိသည်။ အတွင်းသားသည် အဖြူမျိုး၊ အနီမျိုး၊ အဝါမျိုး သုံးမျိုးရှိပြီး အသားထဲတွင် နှမ်းစေ့ကဲ့သို့ အစေ့နက်လေးများပါရှိသည်။ အရသာချိုသက်သက်ရှိသည်။ နဂါးမောက်သီးတွင် ဗီတာမင်စီဓာတ်၊ ပိုတက်ဆီယမ်နှင့် ထုံးဓာတ်များ ကြွယ်ဝစွာပါဝင်ပြီး နဂါးမောက်သီး ၁၀၀၀ ဂရမ်တွင် ပါဝင်သော အာဟာရတန်ဖိုးမှာ ပရိုတင်း ၀ ဒသမ ၅၃ ဂရမ်၊ ပိုတက်ဆီယမ်ဓာတ် ၂၁၂ ဒသမ ၂ မီလီဂရမ်၊ မီးစုန်းဓာတ် ၈ ဒသမ ၇ မီလီဂရမ်၊ ထုံးဓာတ် ၁၃၄ ဒသမ ၅ မီလီဂရမ်၊ မဂ္ဂနီဆီယမ်ဓာတ် ၆ ဒသမ ၄ မီလီဂရမ်နှင့် အမျှင်ဓာတ် ၀ ဒသမ ၇၁ မီလီဂရမ် ပါရှိသည်ဟုသိရသည်။ နဂါးမောက်သီးသည် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါများ ပျောက်ကင်းပြီး ခန္ဓာကိုယ်သွေးကြောများထဲရှိ မလိုလားအပ်သော အဆီများနှင့် အစာအိမ်အတွင်းရှိ ခဲဓာတ်၊ သတ္တုဓာတ်၊ အဆိပ်ဓာတ်များကို ချေဖျက်ပေးနိုင်သည်ဟု သိရသည်။ အသားအရေတွန့်ခြင်းကို လျော့နည်းစေပြီး အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးနိုင်သည်ဟု သိရသည်။ နဂါးမောက်သီး တစ်ကီလိုဂရမ်လျှင် လက်လီဈေး ကျပ်သုံးထောင်နှင့် လက်ကားဈေး ကျပ်နှစ်ထောင်ဈေးရသည်။ ယခု ကျောက်မဲနယ်တွင် စိုက်ပျိုးထားသော နဂါးမောက်အပင်မျိုးသည် ဗီယက်နမ်မျိုးဟု သိရသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

ပညာရေး၊ ကျန်းမာရေး ကုသိုလ် ဒါနပြုမည်

ရန်ကုန် ဩဂုတ် ၂၅

ဒေါ်ခိုင်ခိုင်အောင် (မေတ္တာမွန်ယဉ်ကျေးလိမ္မာ သင်တန်းမှူး) YC Education Centre နှင့် အင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူများက လေဘေးသင့်ဒေသမှပြည်သူများနှင့်ကျောင်းသား၊ ကျောင်းသူများကို ပညာရေး၊ ကျန်းမာရေးထောက်ပံ့မှုအတွက် ကုသိုလ်ပြုလုပ်ငန်းများနှင့် သီတင်းကျွတ်ကာလတွင် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဒေးဒရဲဒေသများသို့ သွားရောက်၍ ပညာဒါနကုသိုလ်ပြုမည်ဖြစ်ရာ ဆရာ၊ ဆရာမအဖြစ် ဆောင်ရွက် ကုသိုလ်ပြုလိုသူများ ဒေါ်ခိုင်ခိုင်အောင် ဖုန်း-၀၉-၅၁၉၈၆၈၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၈-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ဝတ်စားဆင်ယင် လှစေချင်
၆း၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - စံပါပဲ (အပိုင်း-၁၀)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေး တေးကဗျာ
	၁၉။	လယ်တီဆရာတော်ကြီး၏ထေရုပ္ပတ္တိ - သရဏဂုဏ်တော်ကြီး
	၂၀။	မွေးမြူသုတ
	၂၁။	ဗွီစီဒီကျော်ကြား တေးများ
	၂၂။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၃။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - အဖြူရောင် မြွေမင်းသမီးလေး (အပိုင်း-၄၄)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

✧ **ကျောဖုံးမှ**

ဆောက်လုပ်ရေး ကုမ္ပဏီမှ စက်ယန္တရားကြီးများဖြင့် အမာခံလမ်းပခုံးကျောက်ချဲ့ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကလောမြို့နယ် သာမိုင်းခမ်းဆည်အနီး ကမ္ဘောဇစိုက်ပျိုးရေးအဖွဲ့ (သာမိုင်းခမ်း) စိုက်ပျိုးရေးခြံသို့ ရောက်ရှိပြီး စိုက်ပျိုးမြေ ၇၉ ဧကအတွင်း စိုက်ပျိုးထားသော သစ်တောသစ်ပင်များ၊ ဥယျာဉ်ခြံသီးနှံပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဗိုလ်ချုပ်မင်းအောင်လှိုင်က ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်ကတုံးများနှင့် ပလပ်မြေများ စိမ်းလန်း စိုပြည်သာယာလှပစေရေးအတွက် ထင်းရှူးပင်များနှင့်ဒေသနှင့်ကိုက်ညီသည့်အရိပ်ရလေကာပင်များ တိုးချဲ့ စိုက်ပျိုးသွားကြရန်၊ထင်းရှူးတောများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန်၊ ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ရန်နှင့် သစ်တောများ ပြုန်းတီးမှုမရှိစေရန်၊ ရွှေ့ပြောင်း တောင်ယာများ မလုပ်နိုင်ရန်၊ တာဝန်ရှိသူများနှင့် ပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် မိတ္ထီလာ-ကလော-တောင်ကြီးလမ်းပိုင်း မိုင်တိုင်အမှတ် (၉၀/၄)နှင့်(၉၀/၆)အကြား၌ရေမြောင်းများ တူးဖော်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ် မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲ (ဟဲဟိုး) စိုက်ပျိုးရေးခြံသို့ ရောက်ရှိပြီး စိုက်ပျိုးရေးခြံအတွင်းရှိ ယာစပါး စမ်းသပ်စိုက်ခင်းအတွင်း ခေါက်ဒင် မျိုးစပါးစိုက်ပျိုးထားရှိမှု၊ ပဲပုပ်စိုက်ခင်းအတွင်း (MJ.9518-2) မျိုးပဲပုပ်ပင်များ စိုက်ပျိုးထားရှိမှုနှင့် ရေဆင်းစပ်မျိုး(၃) အစေ့ထုတ်ပြောင်းစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ-ကလော-တောင်ကြီးလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ မိုင်တိုင်အမှတ် (၁၀၇/၆)၌ သစ်တောဦးစီးဌာန၏ ကျွန်းတစ်အုပ်တစ်မ စိုက်ခင်းစိုက်ပင်ပေါင်း ၁၄၅၀ သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက ကျွန်းပင်များ စိုက်ပျိုးထားရှိမှုနှင့် ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဗိုလ်ချုပ် မင်းအောင်လှိုင်က တောမပြုန်းစေရန်နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရန်အတွက် ကျွန်းတစ်အုပ်တစ်မ စိုက်ခင်းများအပြင် ဒေသရာသီဥတု အနေအထားနှင့် ကိုက်ညီသည့်အရိပ်ရလေကာပင်များကိုလည်း တစ်အုပ်တစ်မ စိုက်ခင်းများတိုးချဲ့စိုက်ပျိုးသွားကြရန် မှာကြားပြီး ဆက်လက် ထွက်ခွာလာရာ တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စမ်းချောင်းမြို့နယ်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း အစည်းအဝေးခန်းမ၌ စမ်းချောင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်နှင့်ရပ်ကွက် အလုပ်အမှုဆောင်များအားတွေ့ဆုံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စည်းစည်း လုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင် လုပ်ကိုင်ကြရေး မှာကြားပြီး **(အောက်ပုံ)** စမ်းချောင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၅) အမှတ်(၁၇) ထွက်ပြီ

ရန်ကုန် ဩဂုတ် ၂၅

ဒို့ကျေးရွာဂျာနယ် အတွဲ(၅)အမှတ်(၁၇)ကို စက်တင်ဘာ ၁ ရက်တွင် ထုတ်ဝေပြီဖြစ်သည်။

အဆိုပါဂျာနယ်တွင် စပါးပိုမိုထွက်ရှိရေး မြေသြဇာသုံးစွဲပေး၊ ကိုယ့်မျိုးကိုယ်သိမ်း နေကြာ မျိုးသန့်ထိန်း၊ ရဲယိုပင်စိုက်ပျိုးသူများ သန်းကြွယ်သူဌေးဖြစ်နိုင်ပြီ စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ နွားခွာနာရောဂါကာကွယ်နည်းတစ်နည်း၊ နို့စား ကျွဲ၊ နွားတီဘီရောဂါ ကာကွယ်ပါ စသည့် မွေးမြူရေးဆောင်းပါးများ၊ နှလုံးရောဂါ ဝေဒနာရှင်တို့ သတိပြုရန်၊ လူ၏ တံတွေးသည် ထိခိုက်ဒဏ်ရာများကို လျင်မြန်စွာ ပျောက်ကင်းစေနိုင် စသည့် ကျန်းမာရေးဆောင်းပါးများ၊ လေဘေးသင့်ဒေသများရှိ ပြည်သူများ၏ စိတ်ဓာတ်နှင့် ခွန်အားများ တိုးတက်မြင့်မားလာပြီ စသည့် အသိပညာပေး သုတ၊ရသဆောင်းပါးများနှင့် မာယလုလင် အလိမ္မာပုံဝတ္ထုတို့အပြင် ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို သုတ၊ ရသ စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၊ ရန်ကုန်မြို့ စာပေဗိမာန်စာအုပ် အရောင်းဆိုင်နှင့် ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း - ၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၅

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ် (၄၀)တွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား ဒေါ်အောင်ဆန်းစုကြည်က လက်ခံတွေ့ဆုံရန် ငြင်းပယ်ခဲ့၊ SMS စနစ်ဖြင့် ကမ္ဘာတစ်ဝန်းလုံးဆက်သွယ်နိုင်ပြီ၊ FEC ဖြင့် စက်သုံးဆီများကို လိုသလောက်ဝယ်ယူခွင့်ပြုလိုက်ပြီ၊ ဘောက်ထော်ပြည်သာယာ နှစ်လောင်းပြိုင်လူသတ်မှု နှစ်ရက်အတွင်း တရားခံများမိပြီ၊ ရိုးမဘဏ်၏လုပ်ငန်းများ ပြန်လည် စတင်တော့မည်ဟု သတင်းရရှိ၊ မြန်မာ့ရော်ဘာတန် ၁၀၀၀၀ မြောက်ကိုရီးယားသို့ တင်ပို့တော့မည်၊တရုတ်-မြန်မာနယ်စပ်၌လျှင်လှုပ်ခတ်မှုကြောင့် လူသုံးဦးသေဆုံးကာ ၁၀၆ဦး ဒဏ်ရာရရှိ၊ စစ်တကောင်းသွား ကုန်တင်သင်္ဘောတစ်စင်းနစ်မြုပ်၊ အိန္ဒိယမှ ပဲတန်ချိန် ၃၀၀၀ ကျော် တင်သွင်း၊ ကမ္ဘာ့ပဲဈေးနှုန်းမြင့်တက်လျက်ရှိ၊ 'အမှိုက်ထဲကရွှေ' ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဦးကျော်ဟိန်းဆွေးနွေးခဲ့၊ ဂျပန်နိုင်ငံက ကြီးမှူးကျင်းပမည့် ITPE စာမေးပွဲ မည်သူမဆိုဖြေဆိုနိုင်၊ ရန်ကုန်တိုင်း ဒီဇယ်ဆီဖြန့်ဖြူးရေးကုမ္ပဏီမှ တစ်ပီပါ ၂၅၂၀၀၀ ဖြင့် ရောင်းချပေးမည်၊ အိမ်ခြံမြေအရောင်းအဝယ် စာချုပ်စာတမ်းများပြုလုပ်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် စနစ်တချို့ ပြောင်းလဲဖွယ်ရှိ၊ မင်းသိခ်အုတ်ဂူ အမိုးအကာဖြင့် ဆောက်လုပ်ပြီးစီး၊ ပါမောက္ခဒေါက်တာ ဦးခင်မောင်အေး၏ သွေးတိုးရောဂါဘာဖြစ်လို့ ကုရခက်သလဲ၊ ပါမောက္ခဦးမြင့်မောင်မောင်၏ အသိရခက်သော ကာလသားရောဂါတစ်မျိုး စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့် ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် တင်ပြထားသည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း နည်းပညာ နှီးနှောဖလှယ်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)က ကြီးမှူး၍ ဒုတိယအကြိမ်မြောက် နည်းပညာနှီးနှောဖလှယ်ပွဲကို ဩဂုတ် ၃၁ရက် နံနက် ၉နာရီတွင် လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်၊ ပင်မအဆောက်အအုံ၊ Conference Hall ၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းဥက္ကဋ္ဌ ဦးခွန်ဦးနှင့် စာရေးဆရာ ကျော်ဝင်းတို့ကဟောပြောကြမည်ဖြစ်ပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားမည်ဖြစ်သည်။ နည်းပညာနှီးနှောဖလှယ်ပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊စီးပွားရေးလုပ်ငန်းရှင်များ၊ကွန်ပျူတာပညာလေ့လာနေသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ကြောင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ရုံးခန်း ၊ အဆောင်(၄)၊ အခန်း (၄)၊ ဖုန်း- ၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

Toshiba Notebook PC New Product & New Technology စာနယ်ဇင်း ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

Toshiba Singapore Pte Ltd နှင့် Lucky Bird Trading Co.,Ltd တို့မှ Toshiba Notebook PC ၏ နည်းပညာသစ်များဖြင့် ပေါင်းစပ်ထားပြီး အရည်အသွေးမြင့်မားသော Notebook အသစ်များ မိတ်ဆက်ခြင်း စာနယ်ဇင်းရှင်းလင်းပွဲကို ဩဂုတ် ၂၂ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ Sedona Hotel, Ahlone Room ၌ ကျင်းပသည်။ (အောက်ပုံ)

ရှေးဦးစွာ Lucky Bird Trading Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးထင်အောင်ခိုင်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး Toshiba Singapore Pte Ltd မှ မန်နေဂျာ Ms. Angela Amelia က အမှာစကားပြောကြားသည်။

ယင်းနောက် Toshiba Singapore Pte Ltd မှ Senior Specialist Mr.Darren Tsai က New Notebook အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသော စာနယ်ဇင်းအသီးသီးမှ ပုဂ္ဂိုလ်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါ Toshiba Notebook ကို နည်းပညာသစ် Smart Face နည်းပညာသစ်များဖြင့်ပေါင်းစပ်ထားသော Toshiba Satellite M 300 နှင့် Toshiba Portege M 800, Toshiba Satellite L 300, L 310, Toshiba Qosmio F 50, G50 မော်ဒယ်အသစ် Notebook များကို မိတ်ဆက် သရုပ်ပြသပေးသည်။ Smart Face နည်းပညာသည် အသုံးပြုသူ၏ မျက်နှာပြင် အစက်အပြောက် အရေးအကြောင်းများကို Digital စနစ်ဖြင့် လျှပ်တစ်ပြက် ရိုက်ကူးထားပြီး တုနိုင်း၍ မရသော လျှို့ဝှက်သင်္ကေတကို ဖန်တီးပေးသည်။ Smart Face နည်းပညာပါဝင်သော Toshiba Notebook သုံးစွဲသူများသည် လျှို့ဝှက်သင်္ကေတ တစ်ခု မှတ်မိစရာ၊ ရိုက်ချစရာ မလိုဘဲ မိမိမျက်နှာကို Windows Operating System သို့ သက်သောင့်သက်သာ Log-on ဝင်ရောက်နိုင်သည်။ Data လုံခြုံရေးပိုင်းအရ အလွန်ထိရောက်မှုရှိသည့် နည်းပညာသစ်ဖြစ်သည့်အပြင် မိသားစုတစ်စု (သို့မဟုတ်) ရုံးတစ်ရုံးထဲတွင် Notebook တစ်လုံးထဲကို မျှသုံးနေသူများအတွက် Account တစ်ခုစီခွဲကာ Windows Operating System သို့ Log-on ဝင်ရောက်နိုင်သည့်အတွက် အထူးအသုံးဝင်သော စနစ်တစ်ခုအဖြစ် Toshiba က ထုတ်လုပ်သည့် Satellite, Portege Qosmio အမျိုးအစားများတွင် တွေ့ရှိနိုင်သည်။

ထို့အပြင် Quard Care HD Processor သုံးထားသည့် Toshiba Qosmio အမျိုးအစား Notebook သည် Gesture Control ပါဝင်ပြီး Notebook တွင်ပါဝင်သော Camera က အသုံးပြုသူ၏ လက်ဟန်ခြေဟန်လှုပ်ရှားမှုများကို မှတ်သားထားပြီး Mouse (သို့မဟုတ်) Remote Control ကို အသုံးမပြုဘဲ အဝေးမှနေ၍Controlလုပ်နိုင်သည်။ Control ဗီဒီယိုရိုက်ကူးတည်းဖြတ်ထုတ်လုပ်မှုများတွင် မြင့်မားသောစွမ်းရည်ရှိပြီး အလွန်လျင်မြန်သည့် တည်းဖြတ်မှုများကို ဖန်တီးထားပြီး ဖန်သားပြင်ပေါ်တွင် ပေါ်လာသည့်မျက်နှာများကို မှတ်သားထားပြီး တည်းဖြတ်ရန်အတွက် ပြန်ကြည့်လျှင် အလွယ်တကူရှာ၍ရသည့် Face Navigation လည်း ပါဝင်သည်။

ထို့ကြောင့် Toshiba မှ ထုတ်လုပ်သည့် လျင်မြန်သည့် စွမ်းရည်မြင့် လုပ်ဆောင်မှုများကို Mouse အဝေးထိန်းခလုတ်တို့ မပါဝင်ဘဲ လက်တစ်ချောင်းရှိရုံဖြင့် လိုသလို စေခိုင်းနိုင်သည့် ပြိုင်ဘက်ကင်းသည့် Toshiba Qosmio အမျိုးအစားဖြစ်သည်။

အသေးစိတ်သိလိုပါက Lucky Bird Trading Co.,Ltd (ရန်ကုန်ရုံး) အမှတ်-၃၅၅ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၄၈၁၆၇၊ ၃၇၉၈၇၅၊ ၀၉-၉၉-၂၄၅၄၄ နှင့် ၀၉-၉၉-၂၇၇၂၉၊ မန္တလေးရုံး အမှတ်-၅၊ (၂၆)ဘီလမ်း ၇၈ လမ်းနှင့် ၇၉ လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၂၁၅၇၂ နှင့် ၀၉-၈၀-၂၂၀၂၅၊ နေပြည်တော်ရုံး အမှတ်-၁၂၊ ရန်ကုန်-မန္တလေးလမ်းမကြီး ဆင်ရတနာရှေ့ နေပြည်တော် ပျဉ်းမနား ဖုန်း-၀၆၇-၂၃၁၉၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(သတင်းစဉ်)

သာဂရစက်မှုနယ်မြေနှင့် အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ရန်ကုန်) ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ဩဂုတ် ၂၃ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေ စီမံကိန်းရှင်းလင်းဆောင်၌ ဘက်စုံသုံးဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံစီမံကိန်းမှ စက်ရုံမှူး ဦးအေးသောင်းက စက်ပစ္စည်းများ ရောက်ရှိမှုနှင့် ထပ်မံရောက်ရှိလာမည့် အခြေအနေတို့ကို လည်းကောင်း၊ မြေထိုး မြေတူး ယန္တရားထုတ်လုပ်မှုစက်ရုံမှ စက်ရုံမှူး ဦးခင်မောင်ဦးက စက်များတပ်ဆင်ပြီးစီးမှုနှင့် စမ်းသပ်လည်ပတ်မှု အခြေအနေ၊ မြေထိုး မြေတူးယန္တရားများ ထုတ်လုပ်နိုင်မှု အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးမြင့်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဝန်ကြီးက စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ ထုတ်လုပ်မည့် စက်ယန္တရားများ အရည်အသွေး ပြည့်မီရေး၊ မိမိတို့ဆောင်ရွက်မည့် အပိုင်းများ တစ်ဆင့်တစ်ဆင့် တိုးတက်ပါဝင်ရေး၊နည်းပညာလွှဲပြောင်း ရယူရာတွင် ကြိုးစားအားထုတ်ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်မှုနယ်မြေအတွင်း မြေထိုး မြေတူး ယန္တရားထုတ်လုပ်မှု စက်ရုံစီမံကိန်း၏ သတ္တုပုံသွင်းအလုပ်ရုံ၊ Welding အလုပ်ရုံ၊ တပ်ဆင်ရေးအလုပ်ရုံ၊ ဆေးမှုတ်အလုပ်ရုံများကိုလည်းကောင်း၊ မြန်မာ-ကိုရီးယား စက်မှုသင်တန်းကျောင်း တည်ဆောက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးက အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုနှင့် စက်ပစ္စည်းများ ရောက်ရှိမှုတို့အပေါ် ဟန်ချက်ညီစွာ ဆောင်ရွက်ရန် မှာကြားသည်။

ဝန်ကြီးသည် ဩဂုတ် ၂၄ရက် နံနက်ပိုင်းတွင် အမှတ်(၁)မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ(ရန်ကုန်)သို့ ရောက်ရှိပြီး စက်ရုံအတွင်းရှိ မော်တော်ယာဉ်တပ်ဆင်ရေး အလုပ်ရုံ၌ တီအီးမော်တော်ယာဉ်များ ထုတ်လုပ်နေမှုကို လည်းကောင်း၊ ပုံဖိအလုပ်ရုံ၌ မော်တော်ယာဉ်ကိုယ်ထည်များ ထုတ်လုပ်နေမှုကို လည်းကောင်း၊ ဘိုးနှင့်နပ် အလုပ်ရုံ၌ စက်မှုလုပ်ငန်းသုံး ဘိုးနှင့်နပ်များ ထုတ်လုပ်နေမှုကို လည်းကောင်း၊ ဂီယာအလုပ်ရုံ၌ မော်တော်ယာဉ်သုံး ဂီယာအမျိုးမျိုး ထုတ်လုပ်နေမှုကို လည်းကောင်း၊ လေးထုတ်လုပ်မှု အလုပ်ရုံ၌ မော်တော်ယာဉ်သုံး လေးအမျိုးမျိုး ထုတ်လုပ်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ထုတ်လုပ်သည့် စက်ပစ္စည်းအစိတ်အပိုင်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရေး၊ မော်တော်ယာဉ်များကို သုံးစွဲသူများအကြိုက်၊ ဈေးကွက်အကြိုက်စဉ်းစားကြံဆပြီး ထုတ်လုပ်ရေး၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီများကို စနစ်တကျသုံးစွဲရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံခန်းမ၌ ကြီးကြပ်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ထပ်မံမှာကြားကာ ညနေပိုင်းတွင် ပြန်လည် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း အမှတ်(၁)မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)၏ ၂၀၀၇-၂၀၀၈ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ဩဂုတ် ၂၀ရက် နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း တိုင်းရင်းဆေးရုံကြီးရှိ ပဒေသရာဇာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးမောင်ညဏ်နှင့်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်းအသင်းခွဲတို့မှ ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ သဘာပတိဦးမောင်ညဏ်က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြား၍ အသင်းအတွင်းရေးမှူး ဦးဝထွန်းက အစည်းအဝေးကျင်းပရခြင်းနှင့် အသင်းဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အားနှင့် ရုံးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်နှင့် တိုင်းများမှ ဥက္ကဋ္ဌများက အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အလှည့်ကျဖတ်ကြားတင်ပြကြပြီး မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာ အသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးသန်းညွန့်က အစီရင်ခံစာများအပေါ် သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)၏ ၂၀၀၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၀၈ခုနှစ် ဇူလိုင်လအထိ ရငွေ၊ သုံးငွေနှင့် လက်ကျန်ငွေ စာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးမောင်မောင်ဦး **(ဝဲပုံ)**က ဖတ်ကြားတင်ပြကာ အသင်းဥက္ကဋ္ဌ သဘာပတိ ဦးမောင်ညဏ်က နိဂုံးချုပ် အမှာစကားပြောကြားသည်။ (ကြေးမုံ)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းသည် ဩဂုတ် ၃၁ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန(IBC)ခန်းမ၌ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော အခွန်အကြောင်းသိကောင်းစရာ ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကိုကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်လိုသူများသည် ဩဂုတ် ၂၈ ရက်နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ လာရောက်စာရင်းသွင်းရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲ မြန်မာအသင်းယှဉ်ပြိုင်ရန်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၅

ထိုင်းနိုင်ငံ၌ ဩဂုတ် ၂၇ရက်မှ ၃၁ရက်အထိ ကျင်းပမည့် ၂၀၀၈ ခုနှစ် အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ယနေ့ နံနက် ၇နာရီခွဲက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(အောက်ပုံ)**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင်အုပ်ချုပ်သူအဖြစ် ဦးကြည်မင်းသိန်း၊ နည်းပြများအဖြစ် ဦးသက်နိုင်နှင့် ဦးဌေးမြင့်၊ အားကစားသမားများအဖြစ် ကျော်ဒွန်း(ပို့ဆောင်ရေး)၊ အောင်ကျော်ဦး(ကမ္ဘောဇ)၊ ညွန့်ဝင်း(မြို့တော်စည်ပင်)၊တင့်နိုင်ထွန်းသိန်း(မြို့တော်စည်ပင်)၊အောင်မိုး(ကမ္ဘောဇ)၊ အောင်ဝင်းနိုင်-ဂိုး(မြို့တော်စည်ပင်)၊ စိုးမင်းဦး(ကမ္ဘောဇ)၊ ဖြိုးမင်းမောင်-ဂိုး(ပို့ဆောင်ရေး)၊ မောင်မောင်မြင့်(ပို့ဆောင်ရေး)၊ နိုင်ဝင်း(တပ်မတော်-ရေ)၊ ထွန်းလင်းအောင်(ဆောက်လုပ်ရေး)နှင့် ကျော်ဇင်ညွန့်(ဆောက်လုပ်ရေး)တို့ပါဝင်ကြသည်။

ပြိုင်ပွဲတွင် အုပ်စုနှစ်ခုခွဲ၍ကျင်းပသွားမည်ဖြစ်ရာ အုပ်စု(က)တွင် လက်ရှိချန်ပီယံ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့်မြန်မာ၊ အုပ်စု(ခ)တွင် မလေးရှား၊ လာအို၊ ဗီယက်နမ်နှင့် ဘရူနိုင်းတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် ဩဂုတ် ၂၇ရက်တွင် အင်ဒိုနီးရှား၊ ၂၈ရက်တွင် ထိုင်း၊ ၂၉ရက်တွင် ဖိလစ်ပိုင်တို့နှင့် ကစားရမည် ဖြစ်သည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၈-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	နှောင်းခေတ်တေးပဒေသာ
၇း၅၀	၅။	**"ကျော်သွားမှာလား၊ ဖော်စားမှာလား" (ခန့်စည်သူ၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ ဟေမန်အောင်အောင်၊ မယ်လိုဒီ) (ဒါရိုက်တာ-အကယ်ဒမီ မလိခ စိုးထိုက်အောင်)**
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈း၂၀	၈။	တေးဂီတအစီအစဉ်
၈း၃၀	၉။	International News.
၈း၄၅	၁၀။	အဆိုပြိုင်ပွဲ
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀	၄။	ကြေးမုံရိပ်သွင်တေးနှုယဉ်
၄း၄၅	၅။	အကပြိုင်ပွဲ
၅း၀၀	၆။	ဆိုကြမယ်၊ ပျော်ကြမယ်။
၅း၄၅	၇။	၂၀၀၈ခုနှစ်၊(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ လေ့လာနိုင်ကြရန် (မဟာဂီတ) (ဝါသနာရှင်ဒုတိယတန်း အဆင့်)(အမျိုးသား၊ အမျိုးသမီး)
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလေဝသအခြေအနေ
၆း၃၅	၁၀။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀	၁၁။	သုတစုံလင်ရွှေဉာဏ်ရှင်
၇း၁၅	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းပျိုးလက်" (အပိုင်း-၄)**
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မျက်ဝန်းရိပ်" (အပိုင်း-၄)**
	၁၇။	အစီအစဉ်ပြီး၏။

ဇီးကုန်းမြို့နယ် လယ်တွင်းရွာ အလက ရွှေရတုသဘင်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

ဇီးကုန်းမြို့နယ် လယ်တွင်းရွာ အလက၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်၊ (၁၉)ကြိမ်မြောက်မြတ်ဆရာ ပူဇော်ပွဲနှင့် ပညာရည်ထူးချွန်ဆုပေးပွဲကို အောက်တိုဘာ ၁၈ရက်တွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်၍ ၁၉၅၈မှ ၂၀၀၈ထိ ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစားဆရာ၊ဆရာမကြီးများ၊ တာဝန်ထမ်းဆောင်ဆဲ ဆရာ၊ ဆရာမများ၊ ကျောင်းသားဟောင်းများ၊ ပညာသင်ယူနေဆဲကျောင်းသားများ တက်ရောက်ကြပါရန်နှင့် ဥက္ကဋ္ဌဦးမြင့်ဆွေ ဖုန်း-၆၄၁၀၈၃၊ ၆၄၂၆၉၃၊ ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင် ဖုန်း-၆၈၁၅၆၅၊ ၆၈၁၅၆၄၊ ဦးစန်းမြင့်(ဦးနီပွန်)ဖုန်း-၀၅၃-၃၄၁၇၃နှင့် ဒေါ်စန်းစန်းအေး ဖုန်း-၀၅၃-၃၄၄၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ယောချောင်းဘေးအတိုင်း ရထားလမ်းဖောက်လုပ်ရန် စက်ယန္တရားများဖြင့် မြေသားဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ချောက်ဘူတာနှင့် ပွင့်ဖြူ-ပခုက္ကူရထားလမ်းပိုင်း ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါလျက် ဩဂုတ် ၂၃ရက်တွင် မကွေးတိုင်း ချောက်ဘူတာနှင့်ဘူတာယာဒ်ဝင်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားတွေ့ဆုံ၍ ရထားများ ဝင်ထွက်ချိန်မှန်ကန်မှုရှိရေး၊ ခရီးသည်နှင့် ကုန်စည်များ သယ်ယူပို့ဆောင်မှုအခြေအနေ၊ ဘူတာယာဒ်ဝင်း သန့်ရှင်းသာယာလှပရေးနှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးရေးတို့ကို မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းတွင် ပါဝင်သည့် ပွင့်ဖြူ-ပခုက္ကူ ရထားလမ်းပိုင်းရှိ ဆိပ်ဖြူသို့ရောက်ရှိပြီး ရထားလမ်းအူကြောင်းနှင့် မြေသားဆောင်ရွက်ထားမှု၊ ဘူတာတည်ဆောက်မည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရထားလမ်းအူကြောင်းအတိုင်း မြေသားလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ရထားလမ်းခင်းကျောက်များ စုဆောင်းထားရှိမှု၊ ၁၀ပေအောက် အမိုးပိတ်တံတားများ ဆောက်လုပ်ပြီးစီးမှု၊ မြေသားတာပေါင်များပြီးစီးမှု၊ ဘူတာတည်ဆောက်ရန် သတ်မှတ်ထားသောနေရာများနှင့် ကားလမ်းကူးနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့ဆောက်လုပ်ရေးက တည်ဆောက်နေသော ချစ်ချောင်းတံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက်ဝန်ကြီးသည်မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက မြေကြီးလုပ်ငန်း၊ တံတားလုပ်ငန်း၊ ဘူတာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက လိုအပ်သည်များဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ရထားလမ်းသစ်များဖောက်ပြီးရထားပြေးဆွဲနေရခြင်းသည် ပြည်သူ့အကျိုးကို သယ်ပိုးနေခြင်းဖြစ်ကာ စေတနာထား၍ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ယောချောင်းဘေး ရထားလမ်း မြေသား တာပေါင်ပြီးစီးမှု၊ စက်ယန္တရားများဖြင့် မြေသားဆောင်ရွက်နေမှု၊ ရထားလမ်းအူကြောင်း မြေသား ဆောင်ရွက်နေမှုများနှင့် တန့်ကြည်တောင် ဧရိယာအတွင်း ရထားလမ်း မြေသားတာပေါင်များ ဖောက်လုပ်ထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည်ဧရာဝတီမြစ်ဘေးအတိုင်းရထားလမ်းမြေသားဖောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တန့်ကြည်တောင် ကျောက်လှေကားစခန်းသို့ ရောက်ရှိ၍ တန့်ကြည်တောင်စောင်းများပေါ်၌ စက်ယန္တရားများဖြင့် မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုများမြေသားတာပေါင် ဆောင်ရွက်နေမှုနှင့် ကျွန်းချောင်းဘူတာ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် Htoo Trading Co.,Ltd. ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များမှာကြားကာ ပခုက္ကူနှင့်ကျွန်းချောင်းအကြား ကားလမ်းအောက်မှ ဖြတ်သန်းမည့် ၁၅၃ပေခြောက်လက်မရှိ ဥမင်တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပွင့်ဖြူ-ပခုက္ကူ ရထားလမ်းပိုင်းသည် မိုင်၁၁၀ရှိ၍ ကြံခင်း-ပခုက္ကူ ရထားလမ်းတစ်ခုလုံးသည် စုစုပေါင်းမိုင် ၃၂၀ရှိပြီး အမြန်ဆုံးပြီးစီးရေးအတွက် ကြံခင်း-သရက် လမ်းပိုင်း၊ သရက်-ပွင့်ဖြူ လမ်းပိုင်း၊ ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း သုံးပိုင်းခွဲခြား၍ ဖောက်လုပ်လျက်ရှိသည်။ ကြံခင်း-ပခုက္ကူ ရထားလမ်းသစ် ဖောက်လုပ်ပြီးစီးသွားပါက ပခုက္ကူမှတစ်ဆင့် ဂန့်ဂေါ-ကလေးမြို့များသို့လည်းကောင်း၊ ပခုက္ကူ-ချောင်းဦး၊ မုံရွာ၊ရေဦး၊ ခင်ဦးမြို့များမှ တစ်ဆင့် မြန်မာပြည် အထက်ပိုင်းရှိ မြစ်ကြီးနားမြို့သို့ လည်းကောင်း၊ ဧရာဝတီတိုင်း ပုသိမ်မြို့မှမကွေးတိုင်း ပခုက္ကူမြို့ထိလည်းကောင်း တိုက်ရိုက်သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၈-၂၀၀၈ (အင်္ဂါနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"တရားရေအေး အမြိုက်ဆေး" တရားတော် [ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၈း၀၀-၂း၀၀	သီးနှံစိုက်ပျိုး အထွက်တိုး "ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင် သစ်ခွစိုက်ပါ"
၈း၁၀-၂း၁၀	Sunday Talk
၉း၀၀-၃း၀၀	ကွန်ရက်ပမာ ယှက်သွယ်ဖြာ
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	မနေးကာကွယ် သားအိမ်ခေါင်းကင်ဆာအန္တရာယ်
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	Cartoon Show Time (Cars)
၁၀း၃၀-၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀-၄း၄၀	ပြည်တွင်းမှာပင်ချုပ်လုပ်ထား ခေတ်မီအသွင်ဆန်းသားရေအိတ်များ
၁၀း၅၅-၄း၅၅	တေးဂီတအစီအစဉ်
၁၁း၄၀-၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	"ကုသစောင့်ရှောက်မနေး ပြည်သူအများကျန်းမာရေး" (မော်လမြိုင်တိုင်းရင်းဆေးရုံ)
၁၁း၃၀-၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀-၅း၄၀	Yangon Panorama (၂၀၀၈ ခုနှစ် မိုဘိုင်းဖုန်းနှင့် နည်းပညာပြပွဲ)
၁၂း၀၀-၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅-၆း၀၅	MRTV-4 စာအုပ်စင်ကဏ္ဍ (အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာစိုးဝင်းဦး)
၁၂း၃၀ - ၆း၃၀	ရွှင်မြူးသီကြွေးကဗျာတေး "အရုပ်ဈေး"
၁၂း၃၅-၆း၃၅	Music Gallery (တေးသံရှင်ရဲ့ တေးလက်ဆောင်-ဆုန်သင်းပါရ်)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော ရာသက်ပန်အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျင်းပသော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဟောပြောပွဲ၊ အသင်းခွဲအဆိုပြုလွှာနှင့် ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို ဩဂုတ် ၂၃ ရက် နံနက်၉နာရီတွင် သုံးခွမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စောမြတ်နွယ်နှင့် တာဝန်ရှိသူများက အသင်းခွဲအဆိုပြုလွှာနှင့် ရာသက်ပန်အသင်းဝင်အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်ကြသည်။ ဆက်လက်၍ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်စိုးက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောသည်။ အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်နှင့် အဖွဲ့ဝင်များသည် သုံးခွမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နေ့ကလေးထိန်းကျောင်းသို့သွားရောက်၍ရင်သွေးငယ်များအား လက်ဆောင်ပစ္စည်းများပေးအပ်ပြီး**(အပေါ်ပုံ)** အာဟာရကျွေးမွေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (ခရိုင်ပြန်/ဆက်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ စတင်ကျင်းပ အလုပ်သမားနှင့် အမှတ်(၁)စက်မှုတို့ အနိုင်ရ

နေပြည်တော် ဩဂုတ် ၂၅

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ညနေ ၃နာရီခွဲက စတင်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်း၌ (ကက)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာန ဘောလုံးအသင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ပေါင်းလောင်းအားကစားပြိုင်ကွင်းတွင် (ကက)အုပ်စုမှ အမှတ်(၁)စက်မှုဝန်ကြီးဌာနဘောလုံးအသင်းက နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ပြိုင်ပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ မိသားစုများနှင့်အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

၂၆-၈-၂၀၀၈

(နေပြည်တော်ကွင်း)

(ခခ)အုပ်စုမှ ပြန်ကြားရေးနှင့် ယဉ်ကျေးမှု

(ပေါင်းလောင်းကွင်း)

(ခခ)အုပ်စုမှ အားကစားနှင့် မွေး/ရေ (၁၀၇)

တစ်ပြည်လုံးတွင် မိုးလျော့နည်းနေမည်

ရန်ကုန် ဩဂုတ် ၂၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ကယားပြည်နယ်နှင့်စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့်ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့်ရန်ကုန်တိုင်းတို့တွင်နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကချင်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ခန္တီးမြို့တွင် ၂ဒသမ၃၆လက်မ၊ အောင်လံမြို့တွင် ၁ဒသမ၃၈လက်မ၊ ပူတာအိုမြို့တွင် ၁ဒသမ၃၀လက်မ၊ မြစ်ကြီးနားမြို့တွင်၁ဒသမ၁၉လက်မနှင့် ဟသ္သာတမြို့တွင် ၁ဒသမ၁၄လက်မတို့ဖြစ်ကြသည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။ **ဩဂုတ် ၂၆ရက် ညနေထိ ခန့်မှန်းချက်။** ။ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင်နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း၈၀ဖြစ်သည်။ **မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**။ တစ်ပြည်လုံးတွင် အများအားဖြင့် မိုးလျော့နည်းနေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၀ ဒသမ၇ ဒီဂရီစင်တီဂရိတ် (၈၇ ဒီဂရီဖာရင်ဟိုက်) ၂၄-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၇၁ ဒီဂရီဖာရင်ဟိုက်) ၂၅-၈-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း ၂၅-၈-၂၀၀၈

နေပူသည့်နာရီပေါင်း ၂ ဒသမ ၃နာရီခန့် ၂၄-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၅-၈-၂၀၀၈	Tr	၆မမ(၀ဒသမ၂၄လက်မ)	၁၁မမ(၀ဒသမ၄၃လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၂၀၃၀ မမ (၇၉ဒသမ၉၂လက်မ)	၂၂၇၇မမ (၈၉ဒသမ ၆၅လက်မ)	၂၇၃၀မမ (၁၀၇ဒသမ ၄၈လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၄-၈-၂၀၀၈ ရက် ၁၄း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ၏ လေကြောင်းမှတိုက်ခိုက်မှုကြောင့် အာဖဂန်အရှေ့ပိုင်း ဟယ်မန်ပြည်နယ်၌ အရပ်သား အများအပြားသေဆုံးရ

ကဘူး ဩဂုတ် ၂၄

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ဟယ်မန်ပြည်နယ်တွင် အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များက လေကြောင်းမှ တိုက်ခိုက်ရာ အရပ်သူ အရပ်သား အများအပြား သေဆုံးသွားသည်ဟု ဩဂုတ် ၂၁ ရက်တွင် ပြည်နယ်အရာရှိများက ပြောကြားသည်။

အာဖဂန်နိုင်ငံတွင် ဗုဒ္ဓဟူးနေ့က အစိုးရတပ်ဖွဲ့များနှင့် လေတပ်တို့ ပူးပေါင်းပြီး စစ်ဆင်ရေး ပြုလုပ်ရာ စစ်သွေးကြွ ၃၀ သေဆုံးသွားကြောင်း သတင်းရရှိသည်ဟု အမေရိကန် စစ်ဘက်က ပြောကြားသည်။ သို့သော် အရပ်သူ အရပ်သားများ သေဆုံးသည်ဟု သတင်းမရရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန် ဦးဆောင်သော အနောက်နိုင်ငံ တပ်ဖွဲ့များက တာလီဘန်များကို တိုက်ခိုက်ရာတွင် အရပ်သူအရပ်သားများ သေဆုံးနေရသည့်ကိစ္စကြောင့် အနောက်နိုင်ငံ တပ်ဖွဲ့များနှင့် ဒေသခံအာဖဂန်များ အကြား ဆက်ဆံရေး တင်းမာလျက်ရှိသည်။အမေရိကန်တို့၏လေကြောင်း မှတိုက်ခိုက်မှုသည် တာလီဘန်များကို နှိမ်နင်းရာ၌ မအောင်မြင်ဘဲ အရပ်သားများသာ သေဆုံးနေရသည်ဟု အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ယခုလအတွင်း ပြောကြားခဲ့သည်။

ဟယ်မန်ဒေသသည်ပြင်သစ်တပ်ဖွဲ့ ဝင်၁၀ဦး ချုံခိုတိုက်ခိုက်ခံရ၍သေဆုံး သွားသောနေရာနှင့်နီးကပ်သောနေရာ တွင်တည်ရှိသည်။ ပြင်သစ်တပ်ဖွဲ့များ အတိုက်ခိုက်ခံရပြီး ရက်အနည်း ငယ်အကြာတွင်ဟယ်မန်၌လေကြောင်း မှတိုက်ခိုက်မှုသတင်းထွက်ပေါ်လာခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း အိုဘားမားနှင့် ဒုတိယသမ္မတလောင်းအဖြစ် ရွေးချယ်ထားသော အထက်လွှတ်တော်အမတ် ဂျိုးဘိဒင်တို့ကို ဩဂုတ် ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇူလိုင်လအတွင်း မဲဆွယ်ပွဲရန်ပုံငွေ သုံးစွဲမှုတွင် အိုဘားမားက မက်ကိန်းထက်သာ

ဝါရှင်တန် ဩဂုတ် ၂၄

ဇူလိုင်လအတွင်း မဲဆွယ်ပွဲရန်ပုံငွေအသုံးစရိတ်တွင် ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်း ဘာရက်အိုဘားမားက အမေရိကန်ဒေါ်လာ ၅၅ သန်း သုံးစွဲခဲ့ပြီး ရီပတ်ဘလီကန်ပါတီမှ ယှဉ်ပြိုင်ဘက် ဂျွန်မက်ကိန်းက ရန်ပုံငွေအမေရိကန်ဒေါ်လာ ၃၂သန်းသာ သုံးစွဲကြောင်း ဩဂုတ် ၂၀ ရက်တွင် ထုတ်ပြန်သောသတင်းက ဖော်ပြသည်။

အမေရိကန်ရွေးကောက်ပွဲစနစ်အရ ယှဉ်ပြိုင်အရွေးခံသူသည် လအလိုက် ကောက်ခံရရှိသော ရန်ပုံငွေကို ဗဟိုရွေးကောက်ပွဲ ကော်မရှင်သို့ အစီရင်ခံရသည်။ ဇူလိုင်လအတွင်း အိုဘားမားသည် ရန်ပုံငွေအမေရိကန်ဒေါ်လာ သန်း ၅၀ ကျော် စုဆောင်းရရှိကြောင်း တင်ပြခဲ့သည်။ ၎င်း၏ ရွေးကောက်ပွဲ အသုံးစရိတ်သည် ၅၅ သန်းရှိပြီး ယင်း၏ ငါးပုံသုံးပုံသည် မီဒီယာမှမဲဆွယ်လုပ်ငန်းများဆောင်ရွက်ရာ၌သုံးရသောစရိတ်များ ဖြစ်သည်ဟုဆိုသည်။

အိုဘားမားသည် မက်ကိန်းနှင့် အပြိုင် အကြီးအကျယ်မဲဆွယ်စည်းရုံးမှုများကို လုပ်ဆောင်နေရသည်။

ဇူလိုင်လအတွင်း မက်ကိန်းကောက်ခံရရှိသော ရန်ပုံငွေမှာအမေရိကန်ဒေါ်လာ ၂၆ သန်းကျော် ဖြစ်သည်ဟု ဗုဒ္ဓဟူးနေ့တွင် ထွက်ပေါ်လာသော ဘဏ္ဍာရေး အစီရင်ခံစာ၌ ဖော်ပြသည်။ မဲဆွယ်အသုံးစရိတ်ပိုင်းတွင် မက်ကိန်းသည် ကြွေးဒေါ်လာနှစ်သန်းတင်နေပြီးအိုဘားမားက ကြွေးဒေါ်လာတစ်သန်းရှိနေကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျာမနီနိုင်ငံ မြူးနစ်မြို့လေဆိပ်ရှိ တစ်ညလျှင် ယူရို ၆၀ ပေးရသော ခရီးသည်နားနေအိပ်စက်ခန်း တစ်ခုကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် တင်နက်ဆီပြည်နယ်ရှိ အထက်တန်းကျောင်းတွင် ကျောင်းသားချင်း ငြင်းခုံရာမှ သေနတ်ဖြင့် ပစ်၍ တစ်ဦးသေဆုံး

နေ့ဗ်ဗဲလ်လီ (တင်နက်ဆီ) ဩဂုတ် ၂၄

အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ်ရှိ အထက်တန်းကျောင်းတစ်ကျောင်းတွင် ကျောင်းသားချင်းငြင်းခုံရာမှ အတန်းဖော်က ပစ်ခတ်သဖြင့် အသက် ၁၆နှစ်အရွယ်ရှိ ကျောင်းသားတစ်ဦး သေဆုံးသွားသည်။ ပစ်ခတ်သည်ဟု သံသယရှိသူအား ကျောင်းအနီး၌ သက်ဆိုင်ရာ အာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

ပစ်ခတ်မှုဖြစ်ပွားသည့် နံနက် ၈နာရီခန့်က အထက်တန်းကျောင်းရှိ စားသောက်ဆိုင်တွင် တစ်တန်းတည်းသား အချင်းချင်းငြင်းခုံကြရာမှ စတင်ခဲ့ကြောင်း၊ အပစ်ခံရသူမှာ တင်နက်ဆီတက္ကသိုလ် ဆေးရုံတွင် သေဆုံးသွားကြောင်း၊အခြားကျောင်းသားများမှာမူ ထိခိုက်ဒဏ်ရာမရကြောင်း သက်ဆိုင်ရာက ပြောကြားသည်။ အခင်းဖြစ်ပွားပြီးသည်နှင့်ကျောင်းကို ပိတ်ထားလိုက်သည်။ ကျန်ကျောင်းသားများကို အခန်းအလိုက်တစ်ခန်းစီ ကျောင်းဆင်းစေပြီး မိဘများလက်သို့ ပြန်လည်အပ်နှံပေးခဲ့ကြောင်းသိရသည်။

အင်တာနက်။

ဆိုမာလီယာရေပြင်တွင် အပိုင်စီးခံရသော သင်္ဘောများနောက်သို့ နိုင်ငံစုံရေတပ်က နောက်ယောင်ခံလိုက်နေ

ကမ်ပါလာ ဩဂုတ် ၂၄

ဆိုမာလီနိုင်ငံ ကမ်းခြေအလွန်တွင် လွန်ခဲ့သော သီတင်းပတ်အတွင်းက ကုန်သင်္ဘောသုံးစင်းကို လက်နက်ကိုင် ပင်လယ်ဓားပြများက ပြန်ပေးဆွဲသွားကြသည်။ ထိုသင်္ဘောများနောက်သို့ နိုင်ငံစုံရေတပ်ဖွဲ့မှ သင်္ဘောတစ်စင်းသည် နောက်ယောင်ခံ၍ လိုက်လျက်ရှိသည်ဟု သက်ဆိုင်ရာအရာရှိများက ဩဂုတ် ၂၂ ရက်တွင် ပြောကြားသည်။

အပိုင်စီးခံရသောသင်္ဘောများမှာ အီရန်နိုင်ငံ၊ ဂျာမန်နိုင်ငံနှင့် ဂျပန်နိုင်ငံများမှ ကုန်တင်သင်္ဘောများဖြစ်သည်။ ဒေင်ပင်လယ်ကွေ့၌ အပိုင်စီးခံသွားရသော ယင်းသင်္ဘောများပေါ်တွင် သင်္ဘောသား ၅၇ ဦး လိုက်ပါသွားကြောင်း သိရှိရသည်။ အပြည်ပြည်ဆိုင်ရာရေကြောင်းသွားလာမှုဗျူရိုသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ရုံးစိုက်သည်။ ***အင်တာနက်။***

ဖလော်ရီဒါတွင် ဖေးအပူပိုင်းမုန်တိုင်း တတိယအကြိမ် တိုက်ခတ်မည်ဟု ကြိုတင်ခန့်မှန်း

ပေါ့တ်စိန့်လူစီ ဩဂုတ် ၂၄

ဖေးအမည်ရှိ အပူပိုင်းမုန်တိုင်းသည် ဖလော်ရီဒါကမ်းခြေတွင် ဝင်ရောက်တိုက်ခတ်ပြီးနောက် အတ္တလန္တိတ်သမုဒ္ဒရာရေပြင်ဆီသို့ပြန်လည်ထွက်ခွာသွားပြီဖြစ်သည်။ ထိုမုန်တိုင်းကုန်းတွင်းပိုင်း၌ တိုက်ခတ်စဉ် မုန်တိုင်းကြောင့် နေအိမ်များစွာရေလွှမ်းမိုးပြီး ဒေသနေပြည်သူများနေအိမ်အတွင်း၌ပင် ပိတ်မိနေခဲ့ကြသည်။ မုန်တိုင်းအရှိန်ကြောင့် ဖလော်ရီဒါပြည်နယ်တွင် ရေကျသွားသည့်တိုင်အောင် နေရာအနှံ့အပြားတွင် ရွှံ့ဗွက်များ ဖြစ်လျက် ကျန်ရှိသည်ဟု အင်တာနက်သတင်း၌ဖော်ပြထားသည်။

ဂျော်ဂျီယာပြည်နယ်နှင့်တစ်လျှောက်ဖလော်ရီဒါပြည်နယ်ဒေသအတွင်း သီတင်းတစ်ပတ်အတွင်း ဖေးမုန်တိုင်း တတိယအကြိမ်မြောက် ဝင်ရောက်တိုက်ခတ်ဖွယ်ရာရှိသည်ဟု မိုးလေဝသဌာနက ကြိုတင်ခန့်မှန်းထားသည်။ သို့သော် နောက်ဝင်လာသော မုန်တိုင်းသည် ဟာရီကိန်းမုန်တိုင်းအဆင့်အထိ အင်အားပြင်းထန်သော မုန်တိုင်းမျိုးမဟုတ်ဟုဆိုသည်။

ဘာရီဗက်ဒ်နှင့် စိန့်လူဝစ်ခရိုင်တွင် ယခင်အကြိမ် ဖေးမုန်တိုင်းဝင်ရောက်စဉ်က ငါးပေအထိ ရေတက်ခဲ့ပြီး အိမ်ရာပေါင်းများစွာ ရေလွှမ်းသွားသည်။ အပျက်အစီးများပြားပြီး ဒုက္ခရောက်ရသည့် အတိုင်းအတာကြီးမားသဖြင့် အရေးပေါ်ဒုက္ခကြုံရသောဒေသအဖြစ် ကြေညာပေးရန် ပြည်နယ်အုပ်ချုပ်ရေးမှူး ချာလီခရစ်၏တောင်းဆိုချက်ကို ဗဟိုကယ်ဆယ်ရေးဌာနက သုံးသပ်လျက်ရှိသည်။ ***အင်တာနက်။***

ထိုင်းတောင်ပိုင်းတွင် ဗုံးပေါက်ကွဲ သတင်းထောက်တစ်ဦးသေဆုံး၊ ၃၀ ဒဏ်ရာရ

ဗန်ကောက် ဩဂုတ် ၂၄

ထိုင်းနိုင်ငံတောင်ဘက်စွန်း နာရာသီဝပ်ပြည်နယ်တွင် ဩဂုတ် ၂၁ ရက်ညက သောင်းကျန်းသူများထောင်ထားသော ဗုံးနှစ်လုံး ပေါက်ကွဲမှုကြောင့် ဒေသခံသတင်းသမားတစ်ဦးသေဆုံးသွားပြီးအခြား ၃၀ ဒဏ်ရာရရှိသွားကြောင်းရဲတပ်ဖွဲ့သတင်းကဖော်ပြသည်။ ဗုံးပေါက်ကွဲရာနေရာတွင်သေဆုံးသွားသူမှာထိုင်းရက်ပ်သတင်းစာမှသတင်းထောက်ဖြစ်ကြောင်း သက်ဆိုင်ရာမှ အတည်ပြုပြောကြားသည်။

ပထမဗုံးမှာ နာရာသီဝပ်ပြည်နယ် ဇွန်ဂိုင်းကိုလောက်ခရိုင်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ထောင်ခဲ့သော ဗုံးဖြစ်သည်။ ယင်းဗုံးသည် ဒေသစံတော်ချိန် ည ၉နာရီ ၃၈မိနစ်တွင် ပေါက်ကွဲသွားသည်။ ထိုဗုံးကို လက်ကိုင်ဖုန်းအသုံးပြု၍ ဖောက်ခွဲခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ပထမဗုံးကြောင့် အထိအခိုက်တစ်စုံတစ်ရာမရှိပေ။

ဒုတိယဗုံးသည်ပထမဗုံးကွဲပြီး မိနစ်အနည်းငယ်အကြာတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ယင်းဗုံးကို မော်တော်ကားကိုယ်ထည်အောက်၌ထောင်ထားခဲ့ခြင်းဖြစ်သည်။ ဒုတိယဗုံးကြောင့် တစ်ဦးသေပြီး၃၀ဒဏ်ရာရရှိသွားခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩဂုတ် ၂၂ရက်က တရုတ်နိုင်ငံ ယူနန်ပြည်နယ်မြို့တော်ကူမင်း သဘာဝတိရစ္ဆာန် ဥယျာဉ်၌ ပြုလုပ်သော တိရစ္ဆာန်များအားကစားပွဲတွင် ဝက်ဝံနက်တစ်ကောင် ပြိုင်ပွဲဝင်နေစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ဩဂုတ် ၂၄ရက်က ပြင်သစ်နိုင်ငံ မောင့်ဘလန်တောင်စောင်းတွင် ဆီးနှင်းများ ပြိုကျမှုကြောင့် တောင်တက်သမား ရှစ်ဦး ဒဏ်ရာရရှိပြီး ၁၀ဦး ပျောက်ဆုံးလျက်ရှိရာ ကယ်ဆယ်ရေးရဟတ်ယာဉ်ဖြင့် ရှာဖွေနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ တိုက်ပွဲများ ဖြစ်ပွား ဒေသခံပြည်သူ ၂၀၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ထွက်ပြေးကြရ

ဂျီနီဗာ ဩဂုတ် ၂၄

ပါကစ္စတန်အနောက်မြောက်ဒေသတွင် ယခုလအတွင်း တိုက်ပွဲများဖြစ်ပွားမှုကြောင့် လူဦးရေ ၂၀၀၀၀၀ ကျော်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြကြောင်း၊ ၎င်းတို့အတွက် လူသားချင်းစာနာသော ထောက်ပံ့ရေး အကူအညီများ အရေးပေါ် လိုအပ်လျက်ရှိကြောင်း နိုင်ငံတကာကြက်ခြေနီတပ်ဖွဲ့ (အိုင်စီအာရ်စီ)က သောကြာနေ့တွင် ပြောကြားသည်။

ဘာဂျာဒေသမှ ထွက်ပြေးလာကြသူ ၂၀၀၀၀၀ကျော်အနက် ၆၄၀၀၀ ကို အကူအညီပေးရေးလုပ်ငန်းများ ၎င်းတို့ စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း အိုင်စီအာရ်စီက ပြောကြားသည်။

ဦးရေ ၅၀၀၀၀သည် အန္တရာယ်ကင်းသောဒေသများ၊ ပါရှာဝါဒေသ အပါအဝင် အနောက်မြောက်နယ်စပ်ပြည်နယ်များသို့ ထွက်ပြေးလာခဲ့ကြသည်။ ၁၄၀၀၀ သည် နယ်စပ်ကို ဖြတ်ကျော်၍ အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ ဝင်ရောက်သွားကြသည်ဟု အိုင်စီအာရ်စီက ပြောကြားသည်။

ပါကစ္စတန် လခြမ်းနီအဖွဲ့နှင့် ပူးပေါင်း၍ အိုင်စီအာရ်စီက ဒဏ်ရာရသူများကို လက်ခံထားရသော ဆေးရုံများအား ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း ဂျီနီဗာရုံးမှ သိရသည်။

စောင်များ၊ အဝတ်အထည်များနှင့် အခြား အသုံးအဆောင်ပစ္စည်းများကို ဒုက္ခသည်များအား ဖြန့်ဝေလျက်ရှိကြောင်း၊ စားသောက်ကုန်များမှာ လမ်းခရီးတွင်ပင် ရှိနေသေးကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကာဂျစ်စတန်ခရီးသည်တင် လေယာဉ်ပျက်ကျ ခရီးသည် ၁၂၀ကျော် လိုက်ပါလာဟုဆို

ဘစ်ချ်ကက် ဩဂုတ် ၂၄

ကာဂျစ်စတန်နိုင်ငံမှ ခရီးသည် ၈၃ ဦး လိုက်ပါသွားသော လေယာဉ်တစ်စင်းသည် မီနာစ်လေဆိပ်မှပျံတက်သွားပြီးနောက် မကြာမီပျက်ကျသွားကြောင်း လေဆိပ်တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

လေဆိပ်မှတက်သွားပြီး မကြာမီမှာပင် စက်မှုပိုင်းဆိုင်ရာ ပြဿနာပေါ်လာကြောင်း သတင်းပို့သည်။ ထို့နောက် လေဆိပ်သို့ ပြန်လှည့်ရန် ကြိုးစားခဲ့သည်ဟု မီနာစ်လေဆိပ်မှ ပြောရေးဆိုခွင့်ရှိသူက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ကာဂျစ်ပြည်ထဲရေးဝန်ကြီးမာလ်ဒိုမူဆာကွန်ဂါတီယော့ဗ်က လေယာဉ်ပေါ်တွင်ခရီးသည် ၈၃ဦးအပြင် လေယာဉ်အမှုထမ်း ခုနစ်ဦးလည်း လိုက်ပါသွားကြောင်း၊ လေယာဉ်ကို ကာဂျစ်ပုဂ္ဂလိကကုမ္ပဏီ အိုင်တက်အဲယားက ပိုင်ဆိုင်ကြောင်း၊ အီရန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ မတ်ရှ်ဟက်မြို့သို့ ပျံသန်းသောခရီးစဉ်ဖြစ်ကြောင်း အေပီသတင်းဌာနသို့ပြောကြားသည်။

အဆိုပါ ဘိုးရင်း ၇၃၇လေယာဉ်သည် လေဆိပ်မှ ၆ မိုင် (၁၀ကီလိုမီတာ) အရောက်၌ ပျက်ကျခြင်းဖြစ်သည်ဟု ဝန်ကြီးက ထပ်မံပြောကြားသည်။

ရုရှားအာရ်အိုင်အေနိုဗော့စ်တီ သတင်းဌာနက နာမည်မဖော်ပြသော ကာဂျစ်မြို့ပြ လေကြောင်းအရာရှိတစ်ဦး၏ ပြောကြားခြင်းကို ကိုးကား၍ လေယာဉ်ပေါ်တွင် ခရီးသည် ၁၂၀ ကျော် လိုက်ပါလာကြောင်း၊ ၂၅ ဦး အသက်ဘေးမှ လွတ်မြောက်ကြောင်း၊ ကိုးဦးကို ဆေးရုံတင်ထားရကြောင်း ဖော်ပြသည်။

ကယ်ဆယ်ရေးအဖွဲ့များ၊ မီးသတ်အဖွဲ့များနှင့် ဆေးအဖွဲ့များသည် လေယာဉ်ပျက်ကျရာနေရာသို့ ချက်ချင်းသွားရောက်ရှိကြကြောင်း မြို့တော်မှ မိုင် ၂၀ဝေးသော မီနာစ်လေဆိပ်ရှိ အမေရိကန်လေတပ် အခြေစိုက်စခန်းမှ ပြောရေးဆိုခွင့်ရှိသူက အာရ်အိုင်အေသတင်းဌာနသို့ပြောကြားသည်။ ***အင်တာနက်။***

ဗြိတိန်ဝန်ကြီးချုပ်အား ခြိမ်းခြောက်မှုဖြင့် သုံးဦးကို ဖမ်းဆီး

လန်ဒန် ဩဂုတ် ၂၄

ဗြိတိန်ဝန်ကြီးချုပ်ဂေါ်ဒွန်ဘရောင်းနှင့် ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲတို့အား လုပ်ကြံရန်ခြိမ်းခြောက်မှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးလျက်ရှိပြီး အင်္ဂလန်မြောက်ပိုင်း၌ လူသုံးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ဘီဘီစီက သောကြာနေ့တွင် ကြေညာသည်။

လူနှစ်ဦးကို မန်ချက်စတာလေဆိပ်၌ ဖင်လန်နိုင်ငံသို့သွားမည့် လေယာဉ်ပေါ်သို့ တက်မည့်ဆဲဆဲတွင် ဖမ်းမိပြီး ကျန်တစ်ဦးကို ထိုအရပ်မှာပင် ဖမ်းမိကြောင်း ဘီဘီစီက ပြောကြားသည်။

လန်ကာရှိုင်းယား ရဲတပ်ဖွဲ့က အကြမ်းဖက်ဆန့်ကျင်ရေး ဥပဒေအရ အဆိုပါသုံးဦးကို ဖမ်းဆီးထားကြောင်း အတည်ပြု ပြောကြားပြီး အသေးစိတ်အချက်အလက်များကိုမူ မပြောကြောင်း ဘီဘီစီက တင်ပြသည်။

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့မှ ဗြိတိသျှတပ်ဖွဲ့များကို ပြန်လည်မရုပ်သိမ်းလျှင် ဘရောင်းနှင့် တိုနီဘလဲတို့ကို အသေခံလုပ်ကြံရန်ဗြိတိန်မှ အယ်လ်ခိုင်ဒါအဖွဲ့ဟု ဆိုသောအဖွဲ့က ဂျိဟာဒီဝက်ဘ်ဆိုက်တွင် ဇန်နဝါရီလအတွင်းက တင်ထားသည်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေခဲ့ကြောင်း ဘီဘီစီက ထပ်မံပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်တွင် သူပုန်များတိုက်ခိုက် ၁၄၄ ဦးသေဆုံး

မနီလာ ဩဂုတ် ၂၄

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းဒေသ မင်ဒါနာအိုတွင် ခွဲထွက်ရေးသူပုန်များကအရပ်သားများအားတိုက်ခိုက်သဖြင့် အနည်းဆုံး သေဆုံးသူ ၁၄၄ဦး ရှိကြောင်း သဘာဝဘေးအန္တရာယ်စောင့်ရှောက်ရေးအဖွဲ့နှင့် စစ်ဘက်မှ တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

မင်ဒါနာအိုဒေသတွင် မိုရိုအစ္စလာမ့်စ် လွတ်မြောက်ရေးတပ်ဦး၏တိုက်ခိုက်မှုကြောင့် စနေနေ့နံနက်ပိုင်းအထိ သေဆုံးသူ ၁၄၄ ဦး ရှိကြောင်းဖိလစ်ပိုင်အမျိုးသားသဘာဝဘေးအန္တရာယ် ပူးပေါင်းဆောင်ရွက်ရေးကောင်စီက ပြောကြားသည်။

နောက်ဆုံးရရှိသော သတင်းအရ အဆိုပါကောင်စီက သူပုန်များ၏ တိုက်ခိုက်ခြင်းကြောင့် ၅၃ဦး ဒဏ်ရာရရှိပြီး တစ်ဦးပျောက်ဆုံးနေကြောင်း ပြောကြားသည်။

တိုက်ခိုက်ခြင်းများကြောင့် မင်ဒါနာအိုရှိ ကျေးရွာပေါင်း ၁၃၄ ရွာမှ မိသားစု ၄၀၆၁၂ သို့မဟုတ် လူဦးရေ ၂၀၁၉၇၅ဦးကိုသဘာဝဘေးအန္တရာယ်စောင့်ရှောက်ရေးအဖွဲ့က နေရာရွှေ့ပြောင်းချထားပေးခဲ့ကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗြိတိန်လေကြောင်းလိုင်းမှ ဘိုးရင်း-၇၄၇လေယာဉ် အရေးပေါ်ဆင်းသက်ရ

လန်ဒန် ဩဂုတ် ၂၄

ဗာဂျင်းန် အတ္တလန္တိတ်အမည်ရှိ ဗြိတိန်လေကြောင်းကုမ္ပဏီမှ ဘိုးရင်း-၇၄၇ ခရီးသည်တင် လေယာဉ်တစ်စင်းသည် စက်ချို့ယွင်းမှုကြောင့် လန်ဒန်မြို့ ဂတ်ဝစ်လေဆိပ်သို့ စနေနေ့က အရေးပေါ် ဆင်းသက်ခဲ့ရကြောင်း တိုင်းမ်သတင်းစာက ဖော်ပြသည်။

အဆိုပါလေယာဉ်သည် ခရီးသည် ၃၂၀ကိုတင်ဆောင်ကာ ဘာဘေးဒိုးသို့ ပျံသန်းထွက်ခွာလာစဉ် ချို့ယွင်းချက်ရှိနေကြောင်း လေယာဉ်မှူး၏ သတင်းပေးပို့ချက်အပြီး ခရီးစဉ်မှ ပြန်လှည့်ကာ အရေးပေါ်ဆင်းသက်စေခဲ့ခြင်းဖြစ်ကြောင်း သတင်းဌာနများက ဖော်ပြသည်။

လေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၀၈ မိနစ်တွင် မြေပြင်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပြီး တာဝန်ရှိသူများက ခရီးသည်များအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ အဆိုပါ ဖြစ်ရပ်တွင် ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်သည်။ ခရီးသည်များအား ဘာဘေးဒိုးသို့ ဆက်လက်ပို့ဆောင်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း ဗာဂျင်းန်ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ခရီးစဉ်ဖျက်သိမ်းခဲ့ရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါ မတော်တဆမှုသည် စပိန်နိုင်ငံ မဒရစ်မြို့ လေဆိပ်တွင် ခရီးသည် ၁၅၄ဦးသေဆုံးခဲ့ရပြီး ၁၉ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လေယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ပြီးနောက် သုံးရက်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အနောက်နိုင်ငံသား သတင်းထောက်နှစ်ဦးအား ဆိုမာလီယာ သေနတ်သမားများ ဖမ်းဆီး

မိုဂါဒစ်ရှူး ဩဂုတ် ၂၄

ဆိုမာလီယာနိုင်ငံ မြို့တော် မိုဂါဒစ်ရှူးအနီးတွင် ဩဂုတ် ၂၃ ရက်က အနောက်နိုင်ငံမှ သတင်းထောက် နှစ်ဦးအား သေနတ်သမားများက ပြန်ပေးဆွဲသွားကြောင်း ဒေသခံများနှင့် လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

ဩစတြေးလျ အမျိုးသားတစ်ဦးနှင့် ကနေဒါအမျိုးသမီး တစ်ဦးတို့သည် မြို့တော်တောင်ဘက် အဲလာရှာဒေသရှိ အရပ်သားဒုက္ခသည်စခန်းသို့ လာရောက်လည်ပတ်စဉ် ဖမ်းဆီးခံရခြင်းဖြစ်သည်။ ယခုအခါ ၎င်းတို့ မည်သည့်နေရာတွင်ရှိသည်ကိုရှာဖွေလျက်ရှိသည်။၎င်းတို့နှင့်အတူဆိုမာလီယာ စကားပြန်တစ်ဦးလည်းဖမ်းဆီးခံရသည်။အသက် ၂၇နှစ်အရွယ်ရှိဩစတြေးလျနိုင်ငံသားနိဂယ်နှင့်အသက် ၂၆နှစ် အရွယ်ရှိ ကနေဒါအမျိုးသမီး အမန်ဒါတို့သည်အလွတ်သတင်းထောက်များဖြစ်သည်ဟူ၍သာ သိရပြီး၎င်းတို့နှင့်ပတ်သက်သော အသေးစိတ်အချက်အလက်ကိုဖော်ပြခြင်းမရှိပေ။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်၌ လေယာဉ်ငယ်ပျက်ကျ ၁၀ဦး သေဆုံး

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၄

အမေရိကန်နိုင်ငံ အူတားပြည်နယ် အာချိအမျိုးသားဥယျာဉ်အနီးရှိ လေဆိပ်တွင် လေယာဉ်ငယ်တစ်စင်း ပျက်ကျရာ လေယာဉ်ပေါ်၌ လိုက်ပါလာသူ ၁၀ဦးစလုံး သေဆုံးသွားကြောင်း စနေနေ့တွင် တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ အင်ဂျင်နှစ်လုံးတပ်လေယာဉ်ငယ်သည် ဩဂုတ် ၂၂ရက်က ကင်ရုံပန့်လေဆိပ်မှ ပျံတက်ပြီးနောက် ခဏအကြာတွင် မီးလောင်ပျက်ကျခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အခင်းဖြစ်ပွားရာသို့ကယ်ဆယ်ရေးအဖွဲ့များအလျင်အမြန်သွားရောက်ကူညီခဲ့ကြကြောင်း၊ လေယာဉ်ပျက်ကျမှု ဖြစ်ပွားရခြင်း အကြောင်းရင်းကို စုံစမ်း လျက်ရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် မြောက်ပိုင်း ကိုရှီမြစ်အနီး ဆာဟာဘာကျေးရွာတွင် ရေလွှမ်းမိုးမှုဖြစ်ပွားရာ ရေဝိုင်းခံနေရသော ရွာသားများနှင့် ရေနစ်မြုပ်နေသော နေအိမ်များကို ဩဂုတ် ၂၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် မိတ္ထီလာ-ကလော-တောင်ကြီးလမ်းပိုင်း ကြည့်ရှုစစ်ဆေး တောမပြုန်းစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန် တစ်အုပ်တစ်မစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးသွားကြရန် မှာကြား

နေပြည်တော် ဩဂုတ် ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် နန့်ပန်တက်ကျေးရွာ မိုင်တိုင်အမှတ်(၅၃/၄)သို့ ရောက်ရှိရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

မှာကြား

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဝက်ဖြူရေစခန်း မိုင်တိုင်အမှတ်(၆၁/၀)ရှိ လမ်းတည်ဆောက်ရေးလုပ်ငန်းခွင် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က ယာဉ်များ သွားလာမှု လွယ်ကူစေရန် အနိမ့်အမြင့်များနှင့် လမ်းကွေ့များအား ပြေပြစ်စေရန်အတွက် ပြုပြင် ဆောင်ရွက်ရန်နှင့် ယခုနှစ်မိုးရာသီအတွင်း လမ်းပေါက်ဖာခြင်း၊ ရေနုတ်မြောင်း တူးဖော်ခြင်းများကို အမြန်ဆုံးဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် စေတနာထား လုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကလောမြို့သို့ ရောက်ရှိပြီး ကလောတပ်နယ်ခန်းမ၌ တပ်နယ် အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံ၍ တပ်နယ်အတွက် သုတ ရသစာအုပ်များ၊ စာရေးကိရိယာများနှင့် အားကစားပစ္စည်းများကို ကလောတပ်နယ်မှူးထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ် မင်းအောင်လှိုင်နှင့်အဖွဲ့သည် ကလောမြို့မှ ဆက်လက်ထွက်ခွာလာရာ မိတ္ထီလာ - ကလော - တောင်ကြီး လမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၇၅/၂) နှင့်(၇၅/၃)အကြား၌သော်တာဝင်း

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

နိုင်ငံတကာ ကျန်းမာရေး သတင်း

ကလေးကင်ဆာရောဂါ၏မျိုးဗီဇ သုတေသီများ ရှာဖွေတွေ့ရှိ ရောဂါကုသရာတွင် ထိုတွေ့ရှိချက်ကို အသုံးပြုနိုင်မည်

ဝါရှင်တန် ဩဂုတ် ၂၅

ကလေးငယ်များကို အသက်ဆုံးရှုံးသည်အထိ အန္တရာယ်ပေးနိုင်သော နီယိုဘလပ်စတိုးမားခေါ် မျိုးရိုးလိုက်စေသည့် ကင်ဆာရောဂါ၏ မျိုးဗီဇကို သိပ္ပံသုတေသီတစ်စုက ရှာဖွေတွေ့ရှိပြီဟု သိရသည်။

ထိုတွေ့ရှိချက်သည် ယင်းကင်ဆာရောဂါကိုကုသရာ၌ အထောက်ကူပြုနိုင်မည်ဖြစ်သည်ဟု ဆိုသည်။ ယင်းတွေ့ရှိချက်ကို ဖော်ထုတ်လိုက်နိုင်သော သုတေသီများမှာ အမေရိကန်၊ အီတလီနှင့် ဘယ်လ်ဂျီယံ ပညာရှင်များ ပါဝင်သော သိပ္ပံပညာရှင်တစ်စု ဖြစ်သည်။

၎င်းတို့တွေ့ရှိထားသော မျိုးဗီဇမှာ အေအယ်လ်ကေဟု အတိုကောက်သညာပြုထားသော မျိုးဗီဇဖြစ်သည်။ ထိုမျိုးဗီဇသည် မျိုးထွန်းဖြစ်ပေါ်လာသောအခါ နီယိုဘလပ်စတိုးမားခေါ် ကလေးသူငယ် ကင်ဆာရောဂါကို ဖြစ်ပေါ်စေသည်ဟု ဆိုသည်။ မိသားစုများတွင် ထိုမျိုးဗီဇ ရှိ၊ မရှိ ရှာဖွေခြင်းအားဖြင့် ကင်ဆာရောဂါ ဖြစ်ပေါ်လာနိုင်သည့် အလားအလာ ရှိ၊ မရှိကို စမ်းသပ်ဖော်ထုတ်နိုင်မည့် အခွင့်အလမ်းကို အထက်ပါ တွေ့ရှိမှုကြောင့် ရရှိလာပြီဖြစ်ကြောင်း ဖီလာဒဲလ်ဖီးယား ကလေးဆေးရုံမှ သုတေသီ ဒေါက်တာရေးလ်မော့စ်က ပြောကြားသည်။ လူကြီးများတွင်ဖြစ်ပေါ်သော နီယိုဘလပ်စတိုးမားကို ကုသပေးသည့် ဆေးများရှိနေပြီဖြစ်ရာ ထိုဆေးများနှင့် ကလေးကင်ဆာဝေဒနာသည်များကိုလည်း စမ်းသပ်ကုသပေးနိုင်စရာရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် မိတ္ထီလာ - ကလော - တောင်ကြီးလမ်းတွင် သော်တာဝင်း ဆောက်လုပ်ရေးကုမ္ပဏီမှ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၂၅

၂၀၀၈ ခုနှစ် ဩဂုတ် ၂၅ ရက် မြန်မာစံတော်ချိန် ၁၉နာရီ၊ ၅၆မိနစ် ၂၀စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အနောက်မြောက်ဘက် မိုင် ၁၂၀၀ ခန့် ကွာဝေးသောနေရာ မြန်မာနိုင်ငံပြည်ပ (တရုတ်နိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)